စိတ်ကူးချိုချိုအနုပညာ

# မြန်မာ
# လူငယ့်
# အသံ

## ဒေါက်တာသန်းထွန်း
ဘာသာပြန်

၁၉၂၂ ခုနှစ်
တက္ကသိုလ်သပိတ်
ဝါဒဖြန့်အဖွဲ့၏
ကြေညာချက်များ
THE VOICE OF
YOUNG BURMA
စာအုပ်ငယ်ကို
ဘာသာပြန်ထားတယ်။

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

DTH0015
3,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄ လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မဒိုးရိပ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

၃၂၀

The Voice of Burma မြန်မာလူငယ့်အသံ
ဒေါက်တာသန်းထွန်း - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) The Voice of Burma မြန်မာလူငယ့်အသံ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# THE VOICE OF YOUNG BURMA

# မြန်မာလူငယ့်အသံ

## ဒေါက်တာသန်းထွန်း

မြန်မာပြန်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ပြည်ပမှာ "ဗမာလူငယ့်အသံ" အမည်နဲ့
ပထမအကြိမ်ထုတ်ဝေခဲ့ဖူးတဲ့ စာအုပ်ကို
ဆရာကြီးရဲ့ဇနီးဖြစ်သူ ခွင့်ပြုချက်နဲ့
ဒုတိယအကြိမ်အဖြစ် ပြည်တွင်းမှာ
ရိုက်နှိပ်ပါတယ်။

mgyoe.com

mgyoe.com

# မာတိကာ


စကားချီး ၁

တက္ကသိုလ်အက်ဥပဒေစုံစမ်းရေးမြဘူးကော်မတီ၏ ၃
အစီရင်ခံစာနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂအသင်းမှ ခန့်ထားအပ်သောတက္ကသိုလ်
ပြင်ဆင်ရေးကော်မတီ၏ မှတ်တမ်း


## မြန်မာလူငယ့်အသံ


ရှေးဦးစကား ၂၄

၁။ အခြေခံဖွဲ့စည်းပုံဥပဒေအတွက် လှူဆော်သံ ၂၆

၂။ မြန်မာပြည်သူများခင်ဗျား ၂၇

၃။ ရန်ကုန်နှင့် ယုဒသန်ကောလိပ်ကျောင်းအုပ်ကြီးများထံ ပေးစာ ၂၈

၄။ သပိတ်မှောက်ကျောင်းသားများနှင့် အင်္ဂလိပ်သတင်းစာ ၂၉

၅။ သပိတ်မှောက်ကျောင်းသားများ အကြမ်းမဖက်ပါ ၃၁

၆။ ကာနယ်ဝက်ဂျဝတ်နှင့် ဇနီးတို့ထံ ရန်ကုန်ကျောင်းသားတို့က ပန်ကြားချက် ၃၂

၇။ အမျိုးသားအဖွဲ့အစည်းများသို့ မေတ္တာရပ်ခံချက် ၃၄

၈။ ဘားမားအော့ဗဇားဗားနှင့် သပိတ်မှောက်ကျောင်းသားများ ၃၆

၉။ သပိတ်မှောက်ကျောင်းသားများနှင့် အကျိုးလိုလားသူများ ၃၈

၁၀။ သပိတ်မှောက်ကျောင်းသားတို့၏ သွင်းစာ ၄၁


mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၁၁။ | ထပ်မံငြင်းဆိုချက်များ | ၄၆ |
| ၁၂။ | နောက်ဆုံးကျန်သည့်ဆိုင်းကြိုး | ၄၉ |
| ၁၃။ | သပိတ်မှောက်ကျောင်းသားအားလုံး၏ အစည်းအဝေးပွဲကြီး၌ ဥက္ကဋ္ဌ၏ တက်ကြွဖွယ်မိန့်ခွန်း | ၅၁ |
| ၁၄။ | သပိတ်မှောက်ကျောင်းသားများ ကောလိပ်များမှ နုတ်ထွက်ခြင်း | ၅၇ |
| ၁၅။ | တက္ကသိုလ်သပိတ်အရေးပုံ၏ အုပ်ထိန်းသူတစ်ဦး ထင်မြင်ချက် | ၆၈ |
| ၁၆။ | ဗဟန်း၌ အခြေတည်မိပြီဖြစ်သော အမျိုးသားပညာရေး | ၆၉ |
| ၁၇။ | အကြမ်းမဖက်သည့် သပိတ်မှောက်ကျောင်းသားအရေးပုံ | ၇၁ |
| ၁၈။ | သပိတ်မှောက်ခြင်းနှင့် အစိုးရဝင်ရောက်စွက်ဖက်ခြင်း | ၇၃ |
| ၁၉။ | ဆက်လက်ကျောင်းထွက်သူများ | ၇၅ |
| ၂၀။ | "အာရကန်ယိုးမ" ကို ပြန်လည်ချေပချက် | ၇၇ |
| ၂၁။ | ဆက်လက်ကျောင်းထွက်သူများ | ၈၃ |
| ၂၂။ | မြန်မာနိုင်ငံလုံးဆိုင်ရာ သပိတ်မှောက်ကျောင်းသား ကွန်ဖရင့် ဆုံးဖြတ်ချက်များ | ၈၄ |
| ၂၃။ | တက္ကသိုလ်သပိတ်မှောက်ခြင်းဆိုင်ရာ သတိပေးကြေညာချက် | ၈၇ |
| ၂၄။ | ဆက်လက်ကျောင်းထွက်သူများ | ၈၈ |
| ၂၅။ | မြန်မာနိုင်ငံလုံးဆိုင်ရာသပိတ်မှောက်ကျောင်းသားများ ကွန်ဖရင့် | ၉၀ |
| ၂၆။ | သပိတ်မှောက် ကျောင်းသားအားလုံးသို့ | ၉၂ |
| ၂၇။ | သပိတ်မှောက်ကျောင်းသားတို့ကို မေတ္တာရပ်ခံခြင်း | ၉၃ |
| ၂၈။ | ငြင်းဆိုချက်နှင့် စုံစမ်းချက်အချို့ | ၉၄ |
| ၂၉။ | ကျောင်းသားသပိတ်မှောက်ခြင်းနှင့် အဲန်စီဆဲန် | ၉၅ |
| ၃၀။ | မေတ္တာရပ်ခံချက်များ | ၉၉ |
| ၃၁။ | ကျောင်းသို့ မပြန်တော့ပြီဖြစ်သော သပိတ်မှောက်ကျောင်းသားများ | ၁၀၂ |
| ၃၂။ | ကြီးစွာသော လိမ်ညာခြင်း | ၁၀၃ |

mgyoe.com

mgyoe.com


၃၃။ မေ့မှာစိုး၍ ၁၀၆

၃၄။ နှိုင်းယှဉ်ချက် ၁၀၈

၃၅။ ကျောင်းသားသပိတ်မှောက်ခြင်းတည်းဟူသော
အရေးအနှောမရှိသည့် ဆုမွန် ၁၁၆

၃၆။ လူမှုဆက်ဆံရေးမှာလည်း သပိတ်မှောက်ခြင်းမျိုးရှိသင့်ပါပြီ ၁၁၉

၃၇။ ဘင်္ဂလားနမူနာထက်သာစေ ၁၂၃

၃၈။ သပိတ်မှောက်ခြင်းမှ မပူးပေါင်းရေးသို့ ၁၂၄

၃၉။ တက္ကသိုလ်သပိတ်မှောက် ကျောင်းသားအရေးပုံ ၁၂၇

၄၀။ ကျွန်တော်တို့ အဘယ့်ကြောင့် ကူညီအပ်ပါသနည်း ၁၃၁

၄၁။ ရန်ပုံငွေလိုပါသည် —၁၃၄

၄၂။ ပညာရေးကွန်ဖရင့် ၁၃၇

၄၃။ ကျွန်တော်တို့ ဘယ်စခန်းသို့ ဆိုက်ရောက်နေကြပြီနည်း ၁၃၉

၄၄။ ငိုရသည့်ဖြစ်ရပ် ၁၄၂

၄၅။ အမျိုးသားပညာအရေးပုံ ရန်ကုန်မြို့ အစီရင်ခံစာ ၁၄၄

၄၆။ သပိတ်မှောက်ကျောင်းသားကြီးများ၏
မြန်မာနိုင်ငံလုံးဆိုင်ရာ ကွန်ဖရင့် ၁၄၉

၄၇။ ဥက္ကဋ္ဌမိန့်ခွန်း ၁၅၃

၄၈။ ကျွန်တော်တို့၏အလုပ် ထက်ဝက်မျှသာပြီးသေးသည် ၁၆၀

၄၉။ ပြည်သူ့အခွင့်အရေး ၁၆၃

၅၀။ အသရေပျက်ခြင်း၏လမ်းစ ၁၆၆

၅၁။ အလုပ်သမားနှင့် နောက်ထပ်အလုပ်သမား ၁၆၉

၅၂။ မျက်စိကို ငွတ်ဖွင့်ပေးခြင်း ၁၇၂

၅၃။ ဝမ်းနည်းဝမ်းသာ ၁၇၆

၅၄။ မြန်မာနိုင်ငံအမျိုးသားကျောင်းများ ၁၇၇

၅၅။ မှတ်ကျောက်တင်ခြင်း ၁၈၀

၅၆။ မယုံမရဲရှိသော သံသယရှိသူများ ၁၈၂

၅၇။ ပြန်လည်စစ်ဆေးခြင်း ၁၈၄

၅၈။ အတိတ်ကို သုံးသပ်ချက် ၁၈၆

၅၉။ တာဝန်လေးစားစိတ်စစ်စစ် ၁၈၉


mgyoe.com

mgyoe.com
၆၀။ ကျွန်တော်တို့က အပင်စိုက်သူများဖြစ်၏ ၁၉၃
၆၁။ ခရာသံကြားလျှင်ဖြင့် ၁၉၆
၆၂။ အညာ ၁၉၉
၆၃။ သပိတ်မှောက်ကျောင်းသားကောင်စီ၏ သတင်းလွှာ ၂၀၂
၆၄။ တက္ကသိုလ်သပိတ်မှောက်ကျောင်းသားကောင်စီ နှစ်ပတ်လည်နေ့တွင် ဖတ်ကြားတင်သွင်းသော တစ်နှစ်လုပ်ငန်း အစီရင်ခံစာ ၂၀၄
၆၅။ အမျိုးသားကျောင်းစိတ်ဓာတ် (၁) ၂၀၇
၆၆။ အမျိုးသားကျောင်းစိတ်ဓာတ် (၂) ၂၁၀
၆၇။ အမျိုးသားကျောင်းစိတ်ဓာတ် (၃) ၂၁၃
၆၈။ အမျိုးသားကျောင်းစိတ်ဓာတ် (၄) ၂၁၇
၆၉။ အမျိုးသားကျောင်းစိတ်ဓာတ် (၅) ၂၂၂
၇၀။ ရှေ့လုပ်ငန်းစဉ် ၂၂၅
ဗမာပြည်သူ၏မှတ်ချက် ၂၂၉
mgyoe.com

mgyoe.com

# စကားချီး

ပြဆိုအပ်သောမှတ်တမ်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း အလုပ်အမှုဆောင်က မန္တလေးမြို့တွင် မေလ ၉-၁၀ ရက်နေ့တို့တွင် ကျင်းပသော ဒုတိယ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့် ဆုံးဖြတ်ချက် နံပါတ် ၄ အရ ခန့်ထားအပ်သော တက္ကသိုလ်အက် ပြင်ဆင်ရေးကော်မတီက ပညာရေး ဘက် မြန်မာပြည်အစိုးရသို့ တင်သွင်းသော မှတ်တမ်းဖြစ်လေသည်။ အလုပ် အမှုဆောင်မှာ ဇွန်လ ၁၇ ရက်နေ့တွင်မှ တွေ့ဆုံနိုင်၍ အဆိုပါကော်မတီ ဖွဲ့စည်းရန် အထူးကြပ်တည်းနေသည်ကို တွေ့ရပါကြောင်း၊ အချို့ကော်မတီတွင် ခန့်ထားလိုသော ပုဂ္ဂိုလ်ကြီးများမှာ နယ်တွင်ရှိနေ၍ တစ်ကြောင်း၊ အချို့မှာ အထူးကိစ္စများနေ၍တစ်ကြောင်း၊ အလုပ်အမှုဆောင်မှာ ပုဂ္ဂိုလ်ကြီး ၆ ယောက် မျှသာ ဆိုခဲ့ပြီးသော ကော်မတီအတွက် ခန့်ထားနိုင်ပါကြောင်း၊ ၎င်း ၆ ယောက် အနက်မှလည်း ၂ ဦးသော ပုဂ္ဂိုလ်ကြီးတို့မှာ မလွဲမကင်းသာသဖြင့် ကျွန်ုပ်တို့အား မကူညီနိုင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ကျန်ပုဂ္ဂိုလ်ကြီးများဖြစ်ကြသော ဝတ်လုံ တော်ရ ဦးကျော်မြင့် (သဘာပတိ)၊ မစ္စတာ အမ်အေရာရှစ်၊ (ဘီအက်စီ၊ ဘီအယ်) ဦးသိန်းမောင်၊ သခင်ဦးတင်မောင် (ဘီအေ)၊ နယူးဘားမား သတင်းစာ အယ်ဒီတာနှင့် ကျောင်းသားများအသင်းချုပ် သမဂ္ဂဥက္ကဋ္ဌ (ဆော်ဩသူ)တို့ သည် ၈ ရက်တိုင်တိုင် နေ့စဉ်စဉ်းစား၍ အမြန် မှတ်တမ်းတင်ရပါကြောင်း။ ဤမှတ်တမ်းကို အလုပ်အမှုဆောင်က နောက်ထပ် ဇူလိုင်လ ၂၀ ရက်နေ့တွင် စည်းဝေးသောအခါ ဥပဒေပြုအဖွဲ့ဝင် အမတ်မင်းတို့နှင့် အခြားပြည်သူတို့အား ထုတ်ဝေရန် ခွင့်ပြုလိုက်ပါကြောင်း။ သို့ရာတွင် အခြားအလုပ်ကိစ္စ အထူးများ၍

mgyoe.com

mgyoe.com

လုပ်သားအစုံအလင်မရှိသဖြင့် ဤမှတ်တမ်းကို ဤမျှကြာမှ ထုတ်ဝေရခြင်း ဖြစ်ပါကြောင်း။

ဤမှတ်တမ်းကား မြဘူးကော်မတီ အစီရင်ခံစာတနဲ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်ပါကြောင်း။ ဤမှတ်တမ်းကား အာကာညဏ်ရှင် အမြင်အကြား အတော်ပင် များသူများ၏ လက်စွမ်းဉာဏ်စွမ်းဟု မရမ်းဆနိုင်လင့်ကစား မြန်မာပြည်ရှိ ခေတ်မီ၊ ဉာဏ်မီပုဂ္ဂိုလ်တို့၏ သဘောထားကို ပြရာရောက်သည်ဟု ယုံကြည်ယူဆပါကြောင်း။

အောင်ဆန်း
ဆော်ဩသူ

mgyoe.com

mgyoe.com

## တက္ကသိုလ် အက်ဥပဒေ စုံစမ်းရေး မြဘူးကော်မတီ၏ အစီရင်ခံစာနှင့် ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်းမှ ခန့်ထားအပ်သော

# တက္ကသိုလ်ပြင်ဆင်ရေးကော်မတီ၏မှတ်တမ်း

၁။ ဆာမြဘူးကြီးမှူးသည့် တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ရေး ကော်မတီ၏ အစီရင်ခံစာမှာ မေလ ပထမသတ္တပတ်တွင် ထွက်ပေါ်လာ၏။ မန္တလေးမြို့၌ မေလ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် ကျင်းပသော ဒုတိယမြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ကွန်ဖရင့်ဝယ် ဤတက္ကသိုလ် ပြင်ဆင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရန်အတွက် တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ရေးကော်မတီတစ်ခု ဖွဲ့စည်းရန် ဤကျောင်းသားအဖွဲ့ချုပ် အလုပ်အမှုဆောင်သို့ လွှဲအပ်လိုက်၏။ ကျောင်းသားအဖွဲ့ချုပ် အလုပ်အမှုဆောင်မှာ ကျောင်းပိတ်နေသဖြင့် ဇွန်လ အလယ်လောက်မှသာလျှင် ဤအဆိုပါ တက္ကသိုလ်ပြင်ဆင်ရေးကော်မတီကို ခန့်ထားရန် စည်းဝေးတွေ့ဆုံနိုင်၏။ သို့ခန့်အပ်သော ကျွန်ုပ်တို့ တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ရေး ကော်မတီအဖွဲ့သည် ခန့်ပြီး၍ မကြာမီ တွေ့ဆုံနှီးနှောတိုင်ပင်ကြ၏။ မြဘူး ကော်မတီနှင့်ပတ်သက်၍ တက္ကသိုလ်ကောင်စီကိုလည်း ဇူလိုင်လတွင် ကျင်းပမည်ဖြစ်၍ ထိုကောင်စီအတွက် ဆုံးဖြတ်ချက်အဆိုများ ပေးပို့ကြရန် ဇွန်လ သုံးဆယ်ရက်နေ့အထိ တောင်းထား၏။ အစိုးရကလည်း မြဘူးကော်မတီနှင့် ပတ်သက်၍ အကြံဉာဏ်များကို ဇွန်လ ၃၀ ရက်နေ့

mgyoe.com

mgyoe.com

အထိ လက်ခံမည်ဟု ကြေညာထား၏။ သို့ဖြစ်ရကား ကျွန်ုပ်တို့ကော်မတီသည် နေ့တိုင်းထိုင်၍ စဉ်းစားဆွေးနွေးကြရ၏။ မြဘူးကော်မတီ အစီရင်ခံစာအချက်တို့ကို ကျွန်ုပ်တို့ အားရပါးရ မစစ်ဆေးနိုင်သော်လည်း အဓိက စည်းမျဉ်းများတွင်ကား ကျွန်ုပ်တို့အားလုံး တစ်သဘောတည်းဖြစ်၏။ ကျွန်ုပ်တို့စဉ်းစားရသမျှမှာ အားလုံးသဘောတူညီချက် ရသမျှချည်းဖြစ်၏။

၂။ ကျွန်ုပ်တို့သည် မြဘူးကော်မတီ အစီရင်ခံစာနှင့်ပတ်သက်၍ အရေးကြီးအရာပါသော အချက်များစွာတို့တွင် ၎င်းကော်မတီနှင့် သဘောမကိုက်ညီသည်ကို တွေ့ရှိရ၏။ သို့ရာတွင် မြဘူးကော်မတီအစီရင်ခံစာ ပါရှိသမျှအသေးအဖွဲ့ပါ အပြစ်တင်ရေးသားရန် မလိုရကား အရေးကြီး အရာပါသော ထောက်ခံချက်များနှင့်စပ်လျဉ်း၍သာ စဉ်းစားပါကြောင်း။

၃။ ဤမြဘူးကော်မတီအစီရင်ခံစာနှင့် ပတ်သက်၍ တက္ကသိုလ်ကျောင်းသားများသည် အထူးမကျေနပ်ဖြစ်နေကြ၏။ အကယ်၍ ကျွန်ုပ်တို့၏ ထင်မြင်ချက်များကို အထူးသဖြင့် တက္ကသိုလ်ကောင်စီတွင် အပြင်အပမှ တက္ကသိုလ်အရာရှိနှင့် အစိုးရအရာရှိမဟုတ်သောသူ အများအပြား ပါဝင်ရန် အရေးနှင့် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများ ဆက်သွယ်ရေး ၂ရပ်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ထင်မြင်ချက်များကို အသစ်တက္ကသိုလ်အက်ဥပဒေတွင် ထည့်သွင်းပါက တိုင်းပြည်နှင့်တကွ ကျောင်းသားများအား လက်ခံဖွယ်ရာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆပါကြောင်း။

၄။ မြဘူးကော်မတီ အစီရင်ခံစာတွင် စာပိုဒ်များနှင့် ထောက်ခံချက်များကို နံပါတ်တပ်မထားသဖြင့် စာညွှန်းရန် ခက်ခဲသည့်အတွက် ဝမ်းနည်းဖွယ်တစ်ရပ် ဖြစ်ပါကြောင်း။

၅။ ရန်ကုန်တက္ကသိုလ်သည် စာစစ်တက္ကသိုလ်အဖြစ်သာ ရှိသင့်သည် သို့မဟုတ် ကျောင်းအိပ်ကျောင်းစား စာသင်တက္ကသိုလ်အဖြစ်သာ ရှိသင့်သည်ဟူသော ပြဿနာကို ကျွန်ုပ်တို့ ကြာရှည်လေးမြင့်စွာ စဉ်းစားကြပါကြောင်း။ ကျွန်ုပ်တို့ အဖို့မူကား နာမည်ပညတ်လောက်ကို ဂရုမထားလို၊ မည်သည့် တက္ကသိုလ်မဆို ၎င်းတည်ရှိရာ တိုင်းပြည်၏ အခြေအနေကိုလိုက်၍ ဖြစ်စမြဲပင် ဖြစ်၏။ သို့ရာတွင် ထိုတက္ကသိုလ်ကို အသစ်စီမံအုပ်ချုပ်နည်း စဉ်းစားရာ၌ ၎င်းလက်ရှိ အခြေအနေကိုလည်း ပေယျာလကန်၍ မဖြစ်ပေ။ သေချာစွာ စစ်ဆေးကြည့်ပါမူကား ယခု ရန်ကုန်တက္ကသိုလ်သည် စာသင်ကျောင်းလည်း မမည်၊ ကျောင်းအိပ် ကျောင်းစားကျောင်းဟုလည်း မဆို

mgyoe.com

mgyoe.com

သာ၊ ကျောင်းသားများကို စာသင်ရာတွင် ကောလိပ်ကျောင်းများတွင်သာ လုံးဝသင်ကြသည်ကို တွေ့ရ၏။ ရံဖန်ရံခါ ကောလိပ်ကျောင်း အချို့တို့မှ ကျောင်းသားများကို ဧွတာရေး၊ သက်သောင့်သက်သာရေးအတွက်သာ ပူးပေါင်းသင်ကြားပြသကြ၏။ ၎င်းပြင် များစွာသော ကျောင်းသားများမှာလည်း အိမ်ပြန်အိမ်စား ဖြစ်ကြ၏။ သို့ရာတွင် ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်တို့သည် အမည်ပညတ်ကို မလိုက်လို၊ ယခုလက်ရှိ အခြေအနေအရ တက္ကသိုလ်ကို ရှေ့သို့မည်သို့ပြုပြင် သင့်သည်ကိုသာ စဉ်းစားသွားမည် ဖြစ်ပါကြောင်း။

၆။ ယေဘုယျလိုက်လျှင်မူကား ယခုလက်ရှိအတိုင်း ရန်ကုန်တက္ကသိုလ် ရှိစေလို၏။ တတ်အားနိုင်သော ကျောင်းသားများသည် ကျောင်းအိပ် ကျောင်းစား နေလိုသည်ဟု မြဘူးကော်မတီ၏ ရေးသားချက်ကို ကျွန်ုပ်တို့ သဘောတူပါ၏။ ထိုသို့ မနေနိုင်သော ကျောင်းသားများအတွက် ဆင်းရဲ၍ သင့်လျော်သော ကျောင်းသားများအား စကောလားရှစ်များ ပိုမိုပေးရန်နှင့် ထိုက်သင့်သော ကျောင်းဆရာများကို ပညာရေးဌာနက စတိုင်ပင်ထောက်ပံ့ရန် ဆိုသောအချက်ကိုလည်း သဘောတူပါ၏။ ၎င်းပြင် အပြင်အပ တစ်သီးတခြား ဆင်းရဲနွမ်းပါး ထိုက်တန်သော ကျောင်းသားများအား ကူညီရန် ရန်ပုံငွေ စုဆောင်းရန်လည်း ကျွန်ုပ်တို့က အထူးတိုက်တွန်းကူညီလိုပါ၏။ သို့ရာတွင် ယခုကဲ့သို့ ပြုလုပ်သော်ငြားလည်း ထိုက်သင့်သော ဆင်းရဲသော ကျောင်းသားများအားလုံးအတွက် လုံလောက်မည်ဟု မထင်ပါ။

၇။ သို့ဖြစ်ရကား အားလုံးဆင်းရဲသော ကျောင်းသားများအား တက္ကသိုလ် ပညာရရန်အတွက် တစ်ခုတည်းသော နည်းလမ်းဟု ကျွန်ုပ်တို့အထူး ယုံကြည်သော အရာကား နောက်ဆုံးတက္ကသိုလ် စာမေးပွဲအောင်ပြီး၍ ကောလိပ်များတွင် နေသော စာသင်ကျောင်းသားများ သင်ကြားအပ်သော အချိန်စေ့ပြီးသော အခါမျိုး၌ အခြားအလွတ်ကျောင်းသားများကို ရိုးရိုးတက္ကသိုလ် စာမေးပွဲအားလုံးကို ဝင်ရောက်ဖြေနိုင်ရန် ခွင့်ပြုခြင်းပင်ဖြစ်ပါကြောင်း။ ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းအရလည်းကောင်း၊ ဆိုလတ္တံ့သော စည်းကမ်းများအရလည်းကောင်း။

၁။ တက္ကသိုလ်သို့ ဝင်ခွင့်ရသော ကျောင်းသားတိုင်း ဥပစာတန်း စာမေးပွဲကို အလွတ်ဝင်ခွင့်ရ၍၊ တစ်ဖန် ဒီဂရီစာမေးပွဲကန့်သတ်သော အချိန်ပြီးနောက် ဝင်ခွင့်ရရန်။

mgyoe.com

mgyoe.com

၂။ အစိုးရဆေးကျောင်းမှလည်းကောင်း၊ အစိုးရလက်မှုစက်မှု ပညာသင်ကျောင်းမှလည်းကောင်း၊ ဘီအိုစီကောလိပ်မှလည်းကောင်း၊ လိုင်စင်လက်မှတ်ရသော ဥပစာတန်းလည်းအောင်သောသူတိုင်း ၃ နှစ်မျှ ဆရာဝန် သို့မဟုတ် စက်ဆရာ အင်ဂျင်နီယာအဖြစ် ပြုလုပ်ပြီးနောက် အမ်ဘီဘီအက်စ် စာမေးပွဲကိုလည်းကောင်း၊ အင်ဂျင်နီယာ ဘီအက်စ်စီ စာမေးပွဲကိုလည်းကောင်း၊ ဝင်ခွင့်ပေးရန် (အကယ်၍ ဤကဲ့သို့ အမ်ဘီဘီအက်စ်အောင်သော ကျောင်းသားများ ဗြိတိသျှဆေးဘက်ဆိုင်ရာ ကောင်စီက အသိအမှတ်မပြုလျှင် ဘယ်ကဲ့သို့ ပြုလုပ်လျှင် အသိအမှတ်ပြုမည်ဖြစ်ကြောင်း စုံစမ်းပြောပေးစေလိုပါကြောင်း)။

၈။ အဆိုပါ စည်းကမ်းချက်များအပြင် အားလုံးအလွတ်ဝင်ကျောင်းသားများ အတွက်ဖြစ်စေ၊ အချို့အတွက်ဖြစ်စေလိုသည်အလျောက် အောက်ပါ စည်းကမ်းချက်များကို ထားနိုင်ပါကြောင်း။

၁။ လောကဓာတ် ဒီဂရီဘွဲ့ထူး သို့မဟုတ် ဒီပလိုမာလက်မှတ်အတွက် အတန်းအစားအရ လိုအပ်သော လက်တွေ့အလုပ်ကို အသိအမှတ်ပြုအပ်သော ဓာတ်ခွဲရုံတွင် လုပ်ဖူးကြောင်း သက်သေခံစာတင်ပြရန် သို့မဟုတ် ထိုလက်တွေ့အလုပ် သင်ကြားရန်အတွက် တက္ကသိုလ်ကျောင်းတွင် အခြားကျောင်းနေ ကျောင်းသားများနေရသော ကာလအပိုင်းအခြား တစ်ဝက်မျှနေရမည်ဟု စည်းကမ်းထားရန်။

၂။ ကောလိပ်ကျောင်းသားမဟုတ် အလွတ်ဖြေသူများအတွက် ရီဂျစ်စတာ မှတ်ပုံတင်စာရင်း တစ်ခုထား၍ စာမေးပွဲမဖြေမီ သုံးလက ကြိုတင်၍ ၎င်းတို့၏ နာမည်များကို မှတ်ပုံစာရင်းသွင်းထားစေရန်။

ဤကဲ့သို့ စည်းကမ်းထားလျှင် ကျွန်ုပ်တို့၏ အထက်ပါအလွတ်ပညာသင်တို့အတွက် ထင်မြင်ချက်တို့မှာ မလုပ်နိုင်ဖွယ်မရှိဟု ယူဆပါကြောင်း။

၉။ ၎င်းပြင် တက္ကသိုလ်အက်ဥပဒေတွင် ရက်ဂူလေးရှင်း နံပါတ် ၉ အခန်း ၆ နှင့် အလားတူသတ်မှတ်ချက်များကို ထုတ်ပယ်ရန် ကျွန်ုပ်တို့ တိုက်တွန်းပါကြောင်း။ မည်သည့်ကောလိပ်ကျောင်းသားမဆို ၎င်းသင်အပ်သော စာကို အချိန်စေ့အောင် သင်ယူပြီးသည့်နောက် ၂ နှစ် ကျဖူးသည်ဖြစ်စေ၊ ၁ နှစ်ကျဖူးသည်ဖြစ်စေ သို့မဟုတ် လုံးဝစာမေးပွဲ မဖြေဘူးသည်ဖြစ်စေ၊ အလွတ်စာမေးပွဲ ဝင်သင့်ပါကြောင်း။ ဤအရေးနှင့်ပတ်သက်၍ မြဘူးကော်မတီက တစ်နှစ်ကျဖူးသော ကျောင်းသားများကို အလွတ်စာမေးပွဲ

mgyoe.com

mgyoe.com

ဝင်ခွင့်ပေးသင့်သည်ဟု ထောက်ခံချက်မှာ လုံလောက်သည်ဟု ကျွန်ုပ်တို့ မယူဆကြောင်း။ ကျောင်းသားတစ်ဦးသည် မိမိဖြေဆိုအံ့သော စာမေးပွဲ အတွက် အချိန်စေ့အောင် သင်ပြီးသမျှကာလပတ်လုံး အလွတ်စာမေးပွဲ ဖြေနိုင်အောင် တစ်နှစ်ကျရဦးမည်ဆိုသည်မှာ ယုတ္တိ အထူးမတန်လှပေ။

၁၀။ အလွတ်ဖြေဆိုသော ကျောင်းသားများကို ခွင့်မပြုလိုသည့် အကြောင်းများ မှာ ၂ ရပ်ဟု တွေးဆစရာရှိပါကြောင်း။ ပထမ အကြောင်းကား ဤကဲ့သို့ အခွင့်အရေးသည် တက္ကသိုလ်ပညာ၏ အတန်းအစား လျော့ဖွယ်ရာ ဖြစ်သည်ဟူသော အရာပင်ဖြစ်လေသည်။ ဤတွင် ကျွန်ုပ်တို့သည် ဤကဲ့ သို့ ထင်မြင်ချက်မှာ အထူးမှားသည်ဟု ယူဆပါကြောင်း။ တက္ကသိုလ် သည် မိမိ၏အတန်းအစားကို မိမိအလိုရှိသလို သတ်မှတ်နိုင်ကြောင်း။ ထိုအတန်းအစားကို မည်သူမဆို အလွတ်ဖြေဆိုသူဖြစ်စေ ကောလိပ် ကျောင်းသားအဖြစ်ဖြင့် ဖြေဆိုသူဖြစ်စေ ရရှိရမည်ဖြစ်ကြောင်း။ ထို့ ကြောင့် ဤကဲ့သို့ အတန်းအစားမီသော အလွတ်ဖြေဆိုသူများသည် ဒီဂရီ ဘွဲ့ထူးကို ရသင့်ရထိုက်သည်မှာ အထူးထင်ရှားလှပေကြောင်း။ ထိုကဲ့သို့ တက္ကသိုလ်စာမေးပွဲများ၏ အတန်းအစားများမှာ မြင့်နေသမျှ ကာလပတ် လုံး အလွတ်ဖြေဆိုသူများအား ခွင့်ပြုသဖြင့် တက္ကသိုလ်ဘွဲ့များမှာ ဘယ်နည်းနှင့်မျှ အတန်းအစားလျော့၍ ဈေးပေါသွားမည် မဟုတ်ပေ။ အကယ်၍ တက္ကသိုလ်ဆရာများသည် အလွတ်ဖြေဆိုသူများအား စာဖြင့် ဖြစ်စေ၊ ၎င်းတို့ အားလပ်ချိန်တွင်ဖြစ်စေ စာသင်ကြားပါက ၎င်းတို့ သင်ကြားအပ်သော တက္ကသိုလ် အလုပ်ဝတ္တရား ပေါ့ပျက်စရာအကြောင်း ရှိပါကြောင်း။ ထိုသို့ သင်ကြားခြင်းကို အထူးတားမြစ်ပါက အလွတ်ဖြေဆို သူများကို ခွင့်ပြုသဖြင့် ဘယ်ပုံဘယ်နည်း တက္ကသိုလ်ပညာ၏ အတန်း အစား လျော့သွားစရာရှိကြောင်း တွေးတောရန် ခဲယဉ်းလှပေကြောင်း။ ဤသို့ ထင်မြင်ယူဆသောသူများအား စကားပိုမပါ ရှင်းရှင်းတိုတိုနှင့် အကြောင်းပြပါရန် ကျွန်ုပ်တို့က မေးမြန်းလိုကြောင်း။

၁၁။ ကျွန်ုပ်တို့ ယခုအကြံပေးရာတွင် ကျောင်းသားအများ ကောလိပ်ကျောင်း သို့ မလာမှာလည်း စိုးရိမ်ဖွယ်ရာမရှိပေ။ အဘယ့်ကြောင့်ဆိုသော် တခမ်း တနား ဆန်းပြားကြီးကျယ်သော ကျောင်းတော်အဆောက်အအုံများ ပျော် စရာ၊ ပါးစရာ၊ ကစားစရာ၊ နေစရာ၊ သင်စရာ အခမ်းအနားများကား ကျောင်းသားတိုင်းနှင့် ကျောင်းသားတိုင်း၏ မိဘတို့ကို အထူး စိတ်

mgyoe.com

mgyoe.com

ဆွဲဆောင်သဖြင့် တတ်နိုင်သောသူတိုင်း ကောလိပ်ကျောင်းသို့ လာမည်မှာ မြေကြီးလက်ခတ်မလွဲဟု ဆိုနိုင်ကြောင်း။ ဤသို့ဖြစ်ရကား တက္ကသိုလ်မှာ အလွတ်ဖြေဆိုသူများအား ခွင့်ပြုသဖြင့် ဘယ်နည်းနှင့်မျှ ဆုံးရှုံးစရာ မမြင်ချေ။

၁၂။ ဤအကြောင်းမှအပ ဤကဲ့သို့ အလွတ်ဖြေဆိုသူများအား ခွင့်ပြုခြင်းသည် အလုပ်အကိုင်ရှိ၍ ထောက်ပံ့စရာလူများသော အစိုးရဘက်တွင်ဖြစ်စေ အခြားဘက်များတွင်ဖြစ်စေ ရှေ့သို့ တိုးတက်ချင်သောသူ များစွာအား အထက်တန်းပညာကို သင်လိုသော စိတ်ဖြစ်ဖွယ်ရာ ရှိပါကြောင်း။ ဤကဲ့သို့ ငွေအားမတတ်နိုင်၍ အထက်တန်းပညာရလိုသော သူများသာလျှင် အလွတ်ဖြေဆိုသူများဖြစ်မည်ဖြစ်ကြောင်း။ တက္ကသိုလ်စာမေးပွဲ အတန်းအစားသည် မြင့်မြင့်ရှိနေလျှင် ထိုစာမေးပွဲအောင်နိုင်သည့် အလွတ်ဖြေဆိုသူမှာ သာမညလူများထက် အရည်အချင်းရှိသူပင်ဖြစ်လေသည်။ ဤအကြံဉာဏ်များကို စဉ်းစားရာတွင် ရန်ကုန်တက္ကသိုလ် တစ်ခုတည်းသာ မြန်မာပြည်တွင် ရှိသည်ဟူသည့် အချက်ကို အထူးသတိပြုသင့်ပါကြောင်း။

၁၃။ အထက်ကပြဆိုခဲ့ပြီးသည့်အတိုင်း တခမ်းတနားတက္ကသိုလ်တွင် နေရ ထိုင်ရသည်ကိုထောက်၍ တတ်နိုင်သော ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစား ဖြစ်ကြမည်ဖြစ်ကြောင်း။ စင်စစ်အားဖြင့် ရန်ကုန်မြို့တွင် မိဘရှိသော များစွာသော ကျောင်းသားများပင် ကျောင်းအိပ်ကျောင်းစား အဖြစ် နေလိုကြကြောင်း။ သို့သော် ထိုကဲ့သို့ မနေလိုသော ကျောင်းသားများအတွက် အဘယ်ကဲ့သို့ ထားမည်နည်း။ ရန်ကုန်မြို့တွင် မိဘများနှင့် နေထိုင်သော ကျောင်းသားများအား အိမ်ပြန်အိမ်စားအဖြစ် လက်ခံသည် မှန်သော်လည်း ဆွေမျိုးသားချင်းများနှင့် နေထိုင်သော ကျောင်းသားများအားကား ရံဖန်ရံခါ ကျောင်းအိပ်ကျောင်းစားအဖြစ် နေရမည်ဟု အတင်းအကျပ်တိုက်တွန်းသည်ကို ကျွန်ုပ်တို့ တွေ့ရှိရပါကြောင်း။ မြို့ထဲတွင် နေခြင်းသည် စရိတ်သက်သာချောင်ချိ၍ စားရေးသောက်ရေးမှာလည်း ကောလိပ်ကျောင်းများထက် မချို့ယွင်းဟု ကျွန်ုပ်တို့ ယုံကြည်ကြောင်း။ သို့ဖြစ်ရကား ရန်ကုန်မြို့တွင် မိဘများနှင့်နေထိုင်ကြသော ကျောင်းသားများအပြင် ဘီအေ၊ ဘီအက်စ်စီအတန်းများကို သင်ကြားကြသော ကျောင်းသားအားလုံးအား ၎င်းတို့၏ မိဘ သို့မဟုတ် အုပ်ထိန်းသူများက စာဖြင့် အကြောင်းကြားက မြို့ထဲတွင်နေရန် အခွင့်ပြုထိုက်ကြောင်း။

mgyoe.com

mgyoe.com

၁၄။ တက္ကသိုလ်သည် ၎င်းကောင်စီက ၎င်းကောင်စီလူကြီးများထဲကဖြစ်စေ သို့မဟုတ် ပြင်ပတိုင်းပြည်ဘက်တွင်လည်းကောင်း၊ ပညာရေးဘက်တွင် လည်းကောင်း၊ ဆောင်ရွက်နေသော ပုဂ္ဂိုလ်များထဲကဖြစ်စေ ၎င်းအဓိပတိ ချန်ဆယ်လာလူကြီးကို ရွေးကောက်တင်မြှောက်ရန် အခွင့်အရေးရရှိထိုက်ပြီဟု ကျွန်ုပ်တို့ လေးလေးနက်နက်ယူဆကြောင်း။ တက္ကသိုလ်သည် ကိုယ်ပိုင် အုပ်ချုပ်လုပ်ကိုင်ရသော အဆောက်အအုံဖြစ်သည့်အတိုင်း ၎င်း၏ အကြီးအမှူးနာယကအဖြစ်ဖြင့် တင်မြှောက်လိုသူအား တင်မြှောက်နိုင်ရန်မှာ အထူးလျော်ကန် သင့်မြတ်လှပေကြောင်း။ ထိုသို့ ရွေးကောက် တင်မြှောက်ခံရသော ချန်ဆယ်လာ အဓိပတိသည် ဘုရင်ခံထက် တက္ကသိုလ် အရေးများကို ပိုမိုနီးစပ်စွာ သိ၍ စိတ်ဝင်စားလိုက်စားဖွယ်ရာရှိကြောင်း။ ၎င်းပြင် မည်သည့်အချိန်မဆို တက္ကသိုလ်နှင့် လက်ရှိအစိုးရတို့ အငြင်းပွားကြပါက ထိုကဲ့သို့ ရွေးကောက်သော အဓိပတိသည် တက္ကသိုလ်ဘက်မှ အထူးပြောပေးမည်ဖြစ်ကြောင်း။ ဘုရင်ခံသာ အဓိပတိဖြစ်နေပါက ကြားမှလည်းကောင်း၊ လက်ရှိအမတ်ချုပ် အစိုးရဘက်မှလည်းကောင်း နေရန် အကြောင်းရှိပေကြောင်း။

၁၅။ မြဘူးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ ဆက်ဆံရေးနှင့်ပတ်သက်၍ တက္ကသိုလ်ကောင်စီတွင် အာဏာရှိ/မရှိ ဟူသောအချက်ကို အစီရင်ခံစာ နံပါတ် ၁၃ နှင့် ၁၄ ၎င်းနောက် ၂၆ မှ ၂၈ တို့တွင် စဉ်းစားဆွေးနွေးကြကြောင်း။ သို့ဆွေးနွေးရာ မြဘူးကော်မတီက တက္ကသိုလ်ကောင်စီတွင် အာဏာမရှိ ဆိုသောစကားမှာ အခြေအမြစ် ကျကျနနမရှိဟု ဆိုကြောင်း။ ဤစကားကို ထောက်ခြင်းအားဖြင့် မြဘူးကော်မတီဝင်လူကြီးတို့ တက္ကသိုလ်အတွင်းရေးကို ကောင်းစွာမသိကြောင်း ထင်ရှားလှပေသည်။ တက္ကသိုလ်ကောင်စီသည် အာဏာမရှိဟူသည့် အချက်မှာ အထင်မှုသာမဟုတ်၊ တကယ်အစစ်အမှန်ပင်ဖြစ်ကြောင်း။ ယခုလက်ရှိ ဒုတိယအဓိပတိ၏ ကောက်ချက်တစ်ခုအရဆိုသော် တက္ကသိုလ်ကောင်စီ အစည်းအဝေးများတွင် ၎င်းမင်းဘားလူကြီးများသည် မေးခွန်းများ မမေးနိုင်ဆိုကြောင်း။ တစ်ဖန်အခြား ၎င်းကောက်ချက်အရကား တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်များသည် ဆီနိတ်အဖွဲ့နှင့် ကောလိပ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့များသို့ "ထောက်ခံချက်" အနေမျိုးသာဖြစ်သဖြင့် ဆီနိတ်နှင့် ကောလိပ်အုပ်ချုပ်ရေးအဖွဲ့တို့အပေါ် မည်သို့မျှ တာဝန်မတည်

mgyoe.com

mgyoe.com

ကြောင်း။ စတက်ကျူ ၃၃ နှင့် ၃၄ အကြောင်းတို့ကို အထူးအရေးယူသော် ပြထား၍ မြဘူးကော်မတီပင်လျှင် အထင်မှားအမြင်မှား ဖြစ်နေပေကြောင်း။ ဤစတက်ကျူ ၃၃-၃၄အရ ချထားအပ်သော စည်းမျဉ်း အစီအစဉ်မှာ တကယ်တမ်း ဖြစ်မြောက်နိုင်ရန် ခဲယဉ်းလှပေကြောင်း။ အစီရင်ခံစာတစ်ခု ကောလိပ်ကျောင်းတစ်ကျောင်းမှ တောင်းဆိုနိုင်ရန် တက္ကသိုလ်ကောင်စီ ပထမတွေ့၍ ဆွေးနွေးရဦးမည် ဖြစ်ကြောင်း။ ထိုကဲ့သို့ ဆွေးနွေးရာတွင် အစီရင်ခံစာကို တောင်းရန်အဆိုမှာ ရှုံးကောင်း ရှုံးနိုင်ပေကြောင်း။ မရှုံးဘဲ အတည်ဖြစ်စေကာမူ ကောလိပ်များက လိုအပ်သော အစီရင်ခံစာများကို တင်သွင်းရန် အချိန်ယူဆွဲဦးမည်ဖြစ်ကြောင်း။ ထို့နောက် တက္ကသိုလ်ကောင်စီက တစ်ဖန်တွေ့ဆုံ၍ ဆွေးနွေးရဦးမည် ဖြစ်ကြောင်း။ ထိုအစီရင်ခံစာအရ အရေးယူရန်အဆိုသည် ပထမ ရှုံးကောင်း ရှုံးပေမည်။ မရှုံး၍ အတည်ဖြစ်သည်တိုင်အောင် တက္ကသိုလ် အဓိပတိ၏ သဘောတူညီချက် ရရှိရဦးမည်ဖြစ်ကြောင်း။ သို့ဖြစ်ရကား ရောမ တက္ကသိုလ်ကောင်စီကြီး၏ အာဏာစက်ပြင်းပြသော အမိန့်တော်လွှာမှာ ဆိုင်ရာကောလိပ်တို့သို့မရောက်ခင် အချင်းဖြစ်ပွားနေသော အရာများမှာ လက်လွန်နှင့်၍ပြီးပြီဖြစ်၍ အနန္တသူရိယအမတ် သတ်စေသော နရသိခ်မင်းကဲ့သို့ ဖြစ်မည်မှာ အထူးထင်ရှားလှပေကြောင်း။

၁၆။ တစ်ဖန် တက္ကသိုလ် ကောင်စီလူကြီးများသည် စတက်ကျူ ၃၃ အရ အဘယ်သို့လျှင် မိမိတို့၏ အခွင့်အရေးကို အသုံးချနိုင်ပါမည်နည်း။ ကောလိပ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့များ၏ အစည်းအဝေးမှတ်တမ်းများကို အပြင်မည်သူမှမသိရ။ သတင်းစာများတွင်လည်း မကြေညာ၊ ကောလိပ်ကျောင်းများအကြောင်း ကောင်စီလူကြီးများ ဘယ်ပုံဘယ်နည်းကြံဖန်၍ သိနိုင်ပါမည်နည်း။ ၎င်းတို့ သိဖွယ်ရာဌာနမှာ လွန်မှထွက်လာသော ကောလာဟလသတင်းများသာ ဖြစ်ပေလိမ့်မည်။ သို့စဉ်လျက် မြဘူးကော်မတီဝင်အားလုံးက တက္ကသိုလ်ကောင်စီသည် အာဏာအကယ်ရှိသည်ဟု ပြောဆိုခြင်းမှာ အံ့ဖွယ်ပင်တအား။ ကျွန်ုပ်တို့သည် ကောလိပ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့များကို တက္ကသိုလ် အာဏာအဖွဲ့များအဖြစ်ဟု ကြေညာသည် မကြေညာသည်ကို အလေးမမူပေ။ ကျွန်ုပ်တို့အလိုရှိသည်မှာ တက္ကသိုလ်ကောင်စီသည် စာရွက်ပေါ်တွင်သာမဟုတ် တကယ့်အလုပ်လုပ်ရာတွင်လည်း အာဏာရှိသည်ကိုသာ အလိုရှိကြောင်း။ ထို့ကြောင့်

mgyoe.com

mgyoe.com

ကောလိပ်အုပ်ချုပ်ရေးအဖွဲ့တိုင်း၏ အစည်းအဝေးမှတ်တမ်းနှင့် တကွ အခြားလိုအပ်သော စာရွက်စာတမ်းများပါ အုပ်ချုပ်ရေးအဖွဲ့အစည်း အဝေးပြီး၍ ရက်သတ္တပတ် ၂ ပတ်အတွင်း ကောင်စီလူကြီးများထံသို့ပို့ရန် အထူးတိုက်တွန်းရပေကြောင်း။ ၎င်းပြင် စတက်ကျူ ၃၃ နှင့် ၃၄ တွင် ချထားအပ်သော စည်းမျဉ်းအစီအစဉ်ကိုလည်း မည်သည့်ကောင်စီလူကြီး မဆို အရေးယူနိုင်အောင် ပြင်ဆင်သင့်ပါကြောင်း။ ထိုသို့ အရေးယူရန် အဆိုအောင်မြင်လျှင် ထိုဆုံးဖြတ်ချက်မှာတည်၍ ကောလိပ်ကျောင်းများ လိုက်နာရမည်ဖြစ်ကြောင်း။ မလိုက်နာ၍မဖြစ်ဟု ထားစေလိုကြောင်း။ ကောလိပ်ကျောင်း၏ ကျောင်းအုပ်များသည် ကောင်စီလူကြီးဖြစ်၍ အခြား ဆရာ များစွာတို့လည်း ကောင်စီလူကြီးများဖြစ်ကြောင်း။ သို့ဖြစ်ရာ တက္ကသိုလ်ကောင်စီတွင် ၎င်းတို့အုပ်ချုပ်ရေးအဖွဲ့များ၏ ယူဆပုံသဘော ကို ပြောပြနိုင်ကြောင်း။ ဤနည်းဖြင့်သာလျှင် တက္ကသိုလ်ကောင်စီသည် အာဏာရှိ၍ ၎င်းကောလိပ်များအပေါ်တွင် အုပ်ချုပ်ကွပ်ကဲနိုင်မည်ဖြစ် ကြောင်း။ ဤသို့မဟုတ်လျှင် ဤရယ်စရာကောင်းသော တက္ကသိုလ် ကောင်စီအာဏာကိုဖျက်သိမ်း၍ တိုင်းပြည်အား အမှန်အတိုင်း သိစေအပ် လှပြီဖြစ်ကြောင်း။

၁၇။ မြဘူးအစီရင်ခံစာ စာမျက်နှာနံပါတ် ၂၆-၂၈ တို့တွင် ထောက်ခံချက်တို့မှာ ပြင်းပြင်းထန်ထန် အပြစ်ဆိုထိုက်လှပေကြောင်း၊ စာမျက်နှာ နံပါတ် ၂၈ တွင် မြဘူးကော်မတီသည် မြန်မာပြည်နန်းရင်းဝန်ကြီးသည် အဓိပတိ ဖြစ် သင့် မဖြစ်သင့်အရေးကို ဆွေးနွေးသည်က အကယ်၍ နိုင်ငံရေးအပြောင်း အလွဲမြန်၍ ဝါဒအမျိုးမျိုး၊ အယူအဆအမျိုးမျိုးရှိသော ချန်ဆယ်လာ အဓိပတိတို့အောက် တက္ကသိုလ်ရောက်ရလျှင် ခဏခဏတက္ကသိုလ်အုပ်ချုပ် ရေးမှာ တစ်မျိုးပြီးတစ်မျိုး ကွဲလွဲစရာရှိသဖြင့် သည်းမခံနိုင်စရာအခြေသို့ ရောက်ရှိဖွယ်မြင်ပေကြောင်းဟု ဆိုထား၏။ စာမျက်နှာနံပါတ် ၂၀ တွင် လည်း ဥပဒေပြုအဖွဲ့မှ တက္ကသိုလ်ကောင်စီသို့ ကိုယ်စားလှယ်လွှတ်သင့် မလွှတ်သင့်အရေးတွင် အလားတူမှတ်ချက်ကို တွေ့ရပေ၏။ တက္ကသိုလ် အုပ်ချုပ်ရေးကို နိုင်ငံရေးအပြောင်းအလွဲအလိုက် မရှိသင့်ဟူသောထင်မြင် ချက်ကို ကျွန်ုပ်တို့လည်း ကြိုက်ပါ၏။ သို့ဖြစ်ရကား စာမျက်နှာနံပါတ် ၂၆- ၂၈ တို့တွင် ယူနီဘာစီတီကောလိပ်၊ ဆေးကောလိပ်၊ ဆရာဖြစ်သင် ကောလိပ်တို့သည် ၎င်းတို့ကို အစိုးရက ထောက်ပံ့ထား၍ အစိုးရက

mgyoe.com

mgyoe.com

အုပ်ချုပ်ရမည်ဖြစ်ကြောင်းဟု ထောက်ခံထားသည်ကို တွေ့ရသောအခါ အထူးအံ့ဩဖွယ်ရာ ဖြစ်ပါကြောင်း။ ဤသို့ဆိုလျှင် အမြဲတမ်း ပဋိညာဉ် (အိုင်-စီ-အက်) အမှုထမ်းတို့၏ အကြံပေးချက်လိုက်နာကာ အမတ်ချုပ် အဖွဲ့အောက်သို့ ကောလိပ်ကျောင်းများကျရောက်သဖြင့် နိုင်ငံရေးအရိပ် တွင်း ကျမည်မဟုတ်ပါလော။ ကောလိပ်များ ဤကဲ့သို့ဖြစ်လျှင် တက္ကသိုလ် လည်း နိုင်ငံရေးအရိပ်မကင်းနိုင်ချေ။ ထို့ကြောင့် ယုဒသန်ကောလိပ်ကဲ့သို့ အခြားကောလိပ်များကိုမထားဘဲ ယုဒသန်ကောလိပ်ကို တက္ကသိုလ် လက် အောက်သို့ပါ သွင်းသင့်ပေကြောင်း။ တက္ကသိုလ်သည် ကောလိပ်ကျောင်း များမရှိဘဲ စာသင်ကြားခြင်းနှင့် နေရေးထိုင်ရေးကို ၎င်းကိုယ်တိုင် ဆောင် ရွက်ခြင်းအားဖြင့် ဖြစ်နိုင်ကြောင်း။ သို့ရာတွင် တက္ကသိုလ်မရှိဘဲ မည်သည့် ကောလိပ်မှ မဖြစ်နိုင်။ အကယ်၍ ကောလိပ်ကျောင်းတစ်ကျောင်းသည် ဤအချက်အလက်များကို သဘောမတူပါက တက္ကသိုလ်အဖွဲ့ဝင်ကောလိပ် အဖြစ် အသိအမှတ်မပြုဘဲ ၎င်းကျောင်းသားများအား တက္ကသိုလ်စာမေးပွဲ ဝင်ခွင့်ကို မပေးဘဲထား၍ ဥပဒေပြုအဖွဲ့ကလည်း ငွေမထောက်ပံ့ဘဲထားရ မည်ဖြစ်ကြောင်း။ ထို့ကြောင့် ယုဒသန်ကောလိပ် အုပ်ချုပ်ရေးအဖွဲ့ကို ပြုပြင်ရန်မဖြစ်နိုင် ဆိုသည်တွင် မြဘူးကော်မတီနှင့် ကျွန်ုပ်တို့ သဘော ချင်းမတူပေ။ ယုဒသန်ကောလိပ်သည် ဤအချက်များ မလိုက်နာနိုင်လျှင် တက္ကသိုလ်မှ ထွက်သွားနိုင်သည့် အကြောင်းကို ရှင်းလင်းပြတ်သားစွာ သိစေရမည်ဖြစ်ကြောင်း။

၁၈။ ၎င်းပြင် တက္ကသိုလ်ကောင်စီသည် တကယ်အာဏာရှိ၍ ကောလိပ်ကျောင်း များအပေါ် ဩဇာအာဏာညောင်းရန်အတွက် ဥပဒေပြုအဖွဲ့က နှစ်စဉ်နှစ် တိုင်း တက္ကသိုလ်အတွက် သတ်မှတ်အပ်သော ဘတ်ဂျက်စာရင်းဝင်ငွေကို တက္ကသိုလ်သို့သာ တိုက်ရိုက်ပေးစေလိုကြောင်း။ ထို့မှတစ်ဖန် ကောလိပ် များသို့ တက္ကသိုလ်က ဝေစုချ၍ပေးသင့်ကြောင်း။ ဤအချက်များတွင် ကျွန်ုပ်တို့သည် ဒေါက်တာအမ်အေရော့ဖ်၏ ထင်မြင်ချက်နှင့် သဘော တူညီကြောင်း။

၁၉။ ယခု ဆိုအပ်ခဲ့ရပြီးသည့် ကောလိပ်အုပ်ချုပ်ရေးအဖွဲ့တို့ကို တက္ကသိုလ်က ဖွဲ့စည်း၍ အောက်ပါ ယေဘုယျဇယားအတိုင်း ဖွဲ့စည်းသင့်ပေကြောင်း။

mgyoe.com

mgyoe.com

- အစိုးရအရာရှိမဟုတ် ကောလိပ်ကျောင်းဆရာလည်း မဟုတ်သော တက္ကသိုလ်ကောင်စီက တင်မြှောက်သည့် လူကြီး ၇ ယောက်။
- ဆီနိတ် (ပညာသင်ကြားရေးအဖွဲ့)မှ ၁ ယောက်။
- ကျောင်းသားများက တင်မြှောက်သော လူကြီး ၁ ယောက်။
- ကျောင်းဆရာများမှ ၁ ယောက်။
- ကျောင်းအုပ်နှင့် (ဆရာဖြစ်သင် ကောလိပ်အတွက်သာ) ဒုတိယ အဓိပတိနှင့် ပညာမင်းကြီး။
- (ယူနီဘာစီတီ ကောလိပ်အတွက်သာ) အင်ဂျင်နီယာ ပါမောက္ခ။
- (ဆေးကောလိပ်အတွက်သာ) မြန်မာပြည် ဆေးမင်းကြီး။
- (ယုဒသန်ကောလိပ်အတွက်သာ) အမေရိကန် သာသနာပြုအသင်းမှ ၃ ယောက်။
- ကျောင်းသားများက တင်မြှောက်အပ်သောလူကြီးမှာ ကျောင်းသားမှ လွဲ၍ ရီဂျစ်စတာ မှတ်ပုံစာရင်းသွင်းပြီး တက္ကသိုလ်ဘွဲ့ထူးရသူများ သာမက အခြားလူကြီးများထဲမှလည်း ဖြစ်သင့်ကြောင်း။

၂၀။ စာမျက်နှာနံပါတ် ၁၄ မြဘူးအစီရင်ခံစာတွင် အက်ဥပဒေပုဒ်မ (ဃ) ဆိုလိုအပ်သော သရုပ်အဓိပ္ပာယ်ရှိလျက်နှင့် အမှုဆောင်ကော်မတီသည် တက္ကသိုလ်ကောင်စီ၏ အဖွဲ့မဟုတ်ဟုဆိုထား၏။ ကျွန်ုပ်တို့သည် ဤသည်ကို သဘောမတူ၊ ပုဒ်မ ၂ (ဃ) တွင် ပေးထားသော သရုပ်ဖော်ပြချက်မှာ သေချာစွာမှန်ကန်ကြောင်း။ ဤထင်မြင်ချက်တွင် အမှုဆောင်အဖွဲ့မှာ တင်မြှောက်အပ်သော လူကြီးများနှင့် တက္ကသိုလ်အရာရှိများသာ ရှိနေခြင်းက အထူးထောက်ခံလျက်ရှိပေကြောင်း။ ထို့ကြောင့် ပုဒ်မ ၂ (ဃ) ကို မပြောင်းသင့်။ ရှိမြဲရှိစေ၍ အမှုဆောင်ကော်မတီကိုလည်း အမှုဆောင်ကောင်စီဟု မပြောင်းလွဲသင့်။ အမှုဆောင်ကော်မတီ၏ အခွင့်အရေးနှင့်ပတ်သက်၍ မြဘူးကော်မတီ သို့လောသို့လော တွေးတောနေစရာမလို။ ရှိသမျှအားလုံး အာဏာတို့ကို တက္ကသိုလ်ကောင်စီအားလွှဲ၍ ထိုနောက်မှ စတက်ကျူများအရ အမှုဆောင်အဖွဲ့သို့ လွှဲအပ်သင့်ကြောင်း။

၂၁။ ဆီနိတ်ကို ပညာသင်ကောင်စီဟုခေါ်ရန် ထောက်ခံချက်ကို ကျွန်ုပ်တို့ ကန့်ကွက်ရန် မမြင်။ ဤပညာသင်ကောင်စီဟူသည့် စကားသည် ဆီနိတ်အဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းကို ပိုမိုထင်ရှားစေပါလျှင် ကုတ် (ရုံး) ဟု တက္ကသိုလ်ကောင်စီအစား ပေးထားသောနာမည်သည် ရင်း၏ ရည်

mgyoe.com

mgyoe.com

ရွယ်ချက် လုပ်ငန်းကို သာ၍ပင် မသိသာစေသည်ဟု ထင်ပါကြောင်း။ ထို့ကြောင့် တက္ကသိုလ်ကောင်စီဟုပင် ရှိရင်းစွဲနာမည်ကို ထားသင့်ကြောင်း။ သို့မဟုတ် ပညာသင်ကောင်စီမှ ခွဲခြားပြသလိုမှုကလည်း အုပ်ချုပ်ရေးကောင်စီဟု ပြောင်းလွှဲစေလိုပါကြောင်း။

၂၂။ စာမျက်နှာ နံပါတ် ၁၅ (မြဘူးအစီရင်ခံစာ) တွင် ဒုတိယ အဓိပတိကို ရွေးကောက်ရမည်ဟူသော ထောက်ခံချက်ကို ကြိုက်နှစ်သက်ပေ၏။ သို့ရာတွင် ဤကဲ့သို့ တက္ကသိုလ်ကောင်စီက ရွေးကောက်တင်မြှောက်သော ဒုတိယအဓိပတိကို ချန်ဆယ်လာ အဓိပတိ၏ သဘောတူညီချက်ရရှိရမည် ဆိုသည်မှာ အကြောင်းမတန်လှပေ။ တက္ကသိုလ်သည် အာဏာရှိသော အဖွဲ့ ဖြစ်သင့်သည့်အတိုင်း ၎င်းရွေးကောက် တင်မြှောက်လိုသော ဒုတိယ အဓိပတိကို ရွေးကောက်ထိုက်ပေသည်။ ထိုသို့ ရွေးကောက်သော ဒုတိယ အဓိပတိကို သဘောမကျနိုင်သော အဓိပတိကို ကျွန်ုပ်တို့တွေး၍မရချေ။

၂၃။ တက္ကသိုလ်ကောင်စီဝင် လူကြီးများတွင် ဥပဒေအရ ပြင်ပမှအစိုးရ အရာရှိလည်းမဟုတ်၊ တက္ကသိုလ်အရာရှိလည်းမဟုတ်၊ ကောလိပ် ကျောင်းဆရာလည်း မဟုတ်သော လူကြီးအများအပြားပါဝင်ရန် ရှိသင့်သော တောင်းဆိုချက်ကို ကျွန်ုပ်တို့ အထူးထောက်ခံကြောင်း။ မြဘူးကော်မတီက ဤတောင်းဆိုချက်သည် အစိုးရိမ်လွန်၍ တောင်းဆိုခြင်းဖြစ်သည်ဟုဆို၏။ သို့ရာတွင် ဤသို့စိုးရိမ်ခြင်းသည် အစိုးရက တက္ကသိုလ် သို့မဟုတ် ကောလိပ် အရာရှိများဖြစ်သော အစိုးရအရာရှိများအပေါ် သြဇာအာဏာ ပျံ့နှံ့စေမည်ထင်၍ ဖြစ်သည်ဆိုရာ၌ မှား၏။ ကျွန်ုပ်တို့ စိုးရိမ်သည့်အကြောင်းမှာ အစိုးရကျွန်များသာမက ပြည်ရေးပြည်ရာလိုက်စားသော လူကြီးအများနှင့် ကျောင်းသားများကိုပင် ဖုံးလွှမ်းနေသော ကျွန်ုပ်စိတ်အတွက် စိုးရိမ်ခြင်း ဖြစ်ပေသည်။ ထိုကျွန်စိတ်ကြောင့် အစိုးရအလုပ် မရရာ မရကြောင်း အစိုးရရာထူး ဌာနန္တရ မတိုးရာ မတိုးကြောင်း အစိုးရအသိအမှတ် မရရာ မရကြောင်းဟု ထင်သောအရာတို့တွင် ဤကဲ့သို့ လူမျိုးများမှာ မားမား မတ်မတ် တိုင်းပြည်ဘက်မှ မနေဝံ့ပေ။

၂၄။ ပညာသင်ကြားရေးသက်သက်ဘက် အဖွဲ့များတွင် ဆရာများကိုလျော့လိုခြင်းကို မြဘူးကော်မတီက အထူးကြောက်လန့်သော်လည်း ကျွန်ုပ်တို့ကား ဤမှုစိုးရိမ်ဖွယ်မရှိဟု ထင်ပါကြောင်း။ ပညာသင်ကြားရေးသက်သက် အဖွဲ့များ၊ ကျောင်းဆရာအများ ရှိသင့်သည်ကို ကျွန်ုပ်တို့သဘောတူပါ

mgyoe.com

mgyoe.com

ကြောင်း။ ကျွန်ုပ်တို့ သိရသလောက်မှာ ပညာသင်ကြားရေးသက်သက်နှင့် ဆိုင်သော အဖွဲ့များအပေါ်တွင် အပြင်အပ လူအများရှိသင့်ကြောင်း တောင်းဆိုချက်မှာမရှိပေ။

၂၅။ တက္ကသိုလ်ကောင်စီဝင်လူကြီးများ၏ အရေအတွက်ကို အတည်တကျ မထားရန်ကို မြဘူးကော်မတီနှင့် သဘောတူပါကြောင်း။ ချန်ဆယ်လာ အဓိပတိနှင့် တွဲဖက်ချန်ဆယ်လာတို့ ကောင်စီဝင်လူကြီးများ မဟုတ်သင့် ဆိုသော ထောက်ခံချက်ကိုလည်း ကန့်ကွက်စရာမရှိပါ။ သို့ရာတွင် တွဲဖက် ချန်ဆယ်လာသည် ကောင်စီကို မိန့်ခွန်းပြောကြားရန် အဓိပတိ၏ တူညီ ချက် ရရမည်ဆိုသည်တွင် အကြောင်းမမြင်ပါ။ တွဲဖက်ချန်ဆယ်လာသည် ၎င်းမိန့်ခွန်းပြောရန် အခွင့်အရေးရထိုက်ကြောင်း။ သို့ဖြစ်ရာ တွဲဖက် ချန် ဆယ်လာအား ထိုသို့အာဏာလွှဲအပ်ထိုက်ကြောင်း။ ဒုတိယချန်ဆယ်လာ သည် ကောင်စီ၏ ချယ်ယာမင်ဖြစ်၍ ပညာမင်းကြီးနှင့် ကောလိပ်ကျောင်း အုပ်များသည် ကောင်စီဝင်လူကြီးဖြစ်ခြင်းကို မကန့်ကွက်ပါ။

၂၆။ ရန်ကုန်မြို့ အင်္ဂလိပ် ခရစ်ယာန်ဂိုဏ်းနှင့် ရိုမင်ကက်သလိတ်ဂိုဏ်းအုပ် တို့အား ကောင်စီဝင်လူကြီးဖြစ်ခြင်းကို သဘောမတူပါ။ ထိုနည်းအတိုင်း သာသနာပိုင်အား ကောင်စီလူကြီး ၂ ဦး တင်မြှောက်ရန် အခွင့်အရေးကို လည်း သဘောမတူပါ။ ထို့ကြောင့် ပုဒ်မ ၁၁ (၁) (ယ) (င) နှင့် (ည) တို့ကို တက္ကသိုလ်အက်မှ ထုတ်ပယ်ရန် အကြံပေးပါကြောင်း။

၂၇။ ဤနည်းအတိုင်း ပုဒ်မ ၁၁ (၁) (စ) နှင့် ပုဒ်မ ၁၁ (၁) (ပ)တို့တွင် ပေး ထားသော သာသနာရေးနှင့်ဆိုင်သော အသင်းများအား အခွင့်အရေးပေး ခြင်းကို သဘောမတူပါ။ ဤပုဒ်မသေးတို့ကို ပယ်ဖျက်၍ အမျိုးသား ပညာရေးအဖွဲ့ (စီ-အင်-အီး) မှ ၂ ယောက် ကိုယ်စားလှယ်တင်ခွင့် အခြား ၁၀ ယောက်ကို ပညာရေးနှင့်ဆိုင်သော အဖွဲ့များအား တစ်ဖွဲ့စီဖြစ်စေ တွဲ၍ဖြစ်စေ တင်မြှောက်ခွင့်ပေးရန် တိုက်တွန်းပါကြောင်း။

၂၈။ ပညာသင်ကြားရေးကောင်စီမှ တက္ကသိုလ်ကောင်စီသို့ တင်မြှောက်ထိုက် သော ဦးရေသည် တက္ကသိုလ်ကောင်စီမှ ပညာသင်ကြားရေးကောင်စီသို့ တင်သောဦးရေနှင့် ညီတူညီမျှထားသင့်ကြောင်း။ ထိုဦးရေမှာ ၅ ယောက်စီ ဖြစ်ကြောင်း။ ထို့ကြောင့် ပုဒ်မ ၁၁ (၁) (ဇ) ကို ဤနည်းအတိုင်း ပြင်စေ လိုပါကြောင်း။ သို့မဟုတ် ယခုလက်ရှိအတိုင်း ဦးရေထားလိုပါက အောက် ပါအတိုင်း ဤပုဒ်မကို ပြင်ဆင်စေလိုပါကြောင်း။

mgyoe.com

.mgyoe.com

"ပါမောက္ခငါးဦးထက်မပိုဘဲ ပါသည့် ပညာသင်ကြားရေးကောင်စီဝင် လူကြီး ၁၀ ဦး ကောင်စီဝင်လူကြီးဖြစ်ရမည်" ဤအတိုင်းဖြစ်ပါက ပုဒ်မ ၁၄ (၁) (င) ကိုလည်း ပညာသင်ကြားရေးကောင်စီသို့ အပြင်ပမှ လူကြီး ၁၀ ယောက် တက္ကသိုလ်ကောင်စီက မြှောက်နိုင်အောင် ပြင်ဆင်စေလိုပါကြောင်း။ ပထမအကြံပေးချက်ကို လက်ခံပါမူကား၊ စာမျက်နှာနံပါတ် (၂၅) မြဘူးအစီရင်ခံစာတွင် ထောက်ခံချက်ကို သဘောတူပါကြောင်း။

၂၉။ တက္ကသိုလ်ကောင်စီတွင် မှတ်ပုံတင်တက္ကသိုလ် ဘွဲ့ထူးများအား ကိုယ်စားလှယ်မြှောက်ရေးနှင့်ပတ်သက်၍ ပုဒ်မ ၁၁ (က) (ဈ)ကို ပြင်ဆင်ရန် မြဘူးကော်မတီက အကြံပေးရာတွင် မှတ်ပုံတင်တက္ကသိုလ် ဘွဲ့ထူးရသူ ၅၀ လျှင် တစ်ယောက်ကျ ကောင်စီလူကြီး ရှိရမည်ဟုဆိုသော အချက်ကို သဘောတူပါကြောင်း။ သို့ရာတွင် အနည်းဆုံး တက္ကသိုလ်ဘွဲ့ထူးရသူများ ၁၀ ယောက် ကောင်စီတွင် ရှိရမည်ဖြစ်သည်ကို သဘောတူသော်လည်း ၁၅ ယောက်ထက်မပိုရဟု ဆိုသည်ကို သဘောမတူပါ။ အထက်သို့ ဦးရေမည်မျှဟု ကန့်သတ်ရန် မထားသင့်ပါ။ ထိုကဲ့သို့ တက္ကသိုလ်ဘွဲ့ထူးရသူများ ကောင်စီတွင်များလေ ကောင်းမွန်လေဖြစ်ပါကြောင်း။ ဤကဲ့သို့ ပြုသဖြင့် ၎င်းတို့ဦးရေမှာလည်း အဆမတန်များလာရန်မရှိပါ။ ထိုကဲ့သို့ ဘွဲ့ထူးရသူများဖြစ်သော ကောင်စီဝင်လူကြီးများမှ အနည်းဆုံး ၇၅ ရာခိုင်နှုန်းမှာ ပြင်ပလူကြီးများဖြစ်သင့်ပါကြောင်း။ ကျောင်းသားများ ဒီဂရီဘွဲ့ထူးများကို ရကြသည်နှင့်တစ်ပြိုင်နက် မှတ်ပုံတင်ဘွဲ့ထူးရသူများ အဖြစ်သို့ ရောက်သင့်ပါသည်။ တက္ကသိုလ်ဘွဲ့ထူးကို ရရှိပြီးသူများသည် ထိုအချိန်အခါတွင် တက္ကသိုလ်အတွက် ဥပဒေအဖွဲ့ဝင်လူကြီး၊ တက္ကသိုလ်ကောင်စီဝင်လူကြီးများကို ရွေးချယ်ရန် စဉ်းစားချင့်ချိန်တတ်သော အရွယ်ရောက်ပြီဟု ယူဆသင့်ပါသည်။ ကျောင်းသားများသည် အရွေးအကောက်မခံရဟု စည်းကမ်းထားလျှင် ကျွန်ုပ်တို့၏ အကြံဉာဏ်ကို လက်မခံနိုင်ဖွယ်မရှိပါ။ မြဘူးအစီရင်ခံစာ စာမျက်နှာ နံပါတ် ၁၉ တွင် မှတ်ပုံတင်အခကြေး ၁၀ ကျပ်ဖြစ်သင့်သည်ဟူသော ထောက်ခံချက်ကို သဘောတူပါကြောင်း။

၃၀။ ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ မော်လမြိုင်မြို့မြူနီစပါယ်များမှ ကောင်စီသို့ ကိုယ်စားလှယ်လွှတ်ခြင်းကို ရှိမြဲရှိစေသင့်ပါသည်။ ထိုထက်အလွန် ပြည်၊ ပဲခူး၊ တောင်ငူမြို့များမှ မြူနီစပါယ်များကိုလည်း ကိုယ်စားလှယ် တစ်ဦးစီ တင်နိုင်ခွင့်ပေးသင့်ပါသည်။ ဤမြို့များမှာလည်း မြို့ကြီးများဖြစ်ပါသည်။

mgyoe.com

mgyoe.com

ဤသို့ပေးသဖြင့် ၎င်းကိုယ်စားလှယ်များနှင့် အခြားမြူနီစပါယ်အဖွဲ့တို့အား ၎င်းတို့အရပ်မှ တက္ကသိုလ်ကျောင်းသားများအား ငွေထောက်ပံ့ရန် အစီရင်ခံစာမျက်နှာ ၉ တွင် အကြံပေးသည့်အတိုင်း ဖြစ်နိုင်ဖွယ်ရာရှိကြောင်း။

၃၁။ တက္ကသိုလ်ကောင်စီတွင် ဥပဒေပြုအဖွဲ့မှ ကိုယ်စားလှယ်များရှိသင့်ပေသည်။ ဗြိတိသျှ ပါလီမန်နှင့် အောက်စဖို့ တက္ကသိုလ်တို့ ဆက်သွယ်ရေးနှင့် ရန်ကုန် တက္ကသိုလ်နှင့် မြန်မာပြည် လွှတ်တော်ဆက်သွယ်ရေးမှာ မတူပေ။ အစီရင်ခံစာ စာမျက်နှာ ၂၀-၂၁ တို့တွင် မြဘူးကော်မတီက ကောင်စီသို့ ကိုယ်စားလှယ်လွှတ်ခွင့် လွှတ်တော်အား အင်တင်တင်ပေးထားသော်လည်း စာမျက်နှာ ၂၆-၂၈ တွင်ကား ကောလိပ်ကျောင်းများကို အုပ်ချုပ်ရန် အစိုးရလက်သို့ ဝကွက်၍ အပ်လိုက်ပေသည်။ စင်စစ်အားဖြင့် လွှတ်တော်သို့ တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် နိုင်ငံရေးအယူအမျိုးမျိုးမှ ဖြစ်နိုင်ပေသည်။ သို့ရာတွင် အစိုးရတစ်ဖွဲ့ ဖွဲ့ပြီး၍ ဆောင်ရွက်လျှင်ကား နိုင်ငံရေး အယူအမြင်တစ်မျိုးတည်း ရှိမည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်အား ကောင်စီကိုယ်စားလှယ်လွှတ်ရန် အခွင့်အရေးပေးခြင်းသည် ကောလိပ်များကို အစိုးရလက်အပ်သည်ထက် စိုးရိမ်ကြောင့်ကြစရာ နည်းပေသည်။ စာမျက်နှာနံပါတ် ၂၁-တွင် အထက်နှင့် အောက်လွှတ်တော်တို့အား ဝေပုံချထားသော ဦးရေကို သဘောမတူပါ။ အထက်လွှတ်တော်မှ ကောင်စီသို့ ၂-ယောက် အောက်လွှတ်တော်မှ ကောင်စီသို့ ၈-ယောက် လွှတ်သင့်ကြောင်း။ ဤသည်သာလျှင် လွှတ်တော် ၂ ခု ဦးရေနှင့် အချိုးကျပေသည်။

၃၂။ ကောင်စီသို့ ကျောင်းသားများက ကိုယ်စားလှယ်တစ်ယောက်တင်မြှောက်သင့်သည်ဟု ထောက်ခံချက် (စာမျက်နှာ-၂၁) ကို ဖတ်ရ၍ ဝမ်းမြောက်ပါကြောင်း။ သို့ရာတွင် ရွေးကောက်တင်မြှောက်ခံရသော လူကြီးသည် မှတ်ပုံတင်ဘွဲ့ထူးရသူများမှသာမဟုတ် ကျောင်းသားမဟုတ်သော အခြားလူကြီးများမှလည်း ဖြစ်သင့်ပါသည်။ တက္ကသိုလ်သည် ၎င်း၏ကျောင်းသားများအား အမှားအမှန်ဝေခွဲနိုင်ရန် သင်ကြားပေးရန်အတွက်ဖြစ်၏။ ထိုကဲ့သို့ ပညာကိုသင်ပေးသည်ဆိုပါက ရန်ကုန်တက္ကသိုလ်သည် ၎င်းကျောင်းသားများ၏ ဝေဖန်တတ်သောစိတ်ကို ယုံကြည်ထိုက်၏။ သင့်လျော်သော လူကိုသာ ကောင်စီသို့ တင်မြှောက်မည်ဟု သံသယရှိစရာမရှိ။ မြဘူးကော်မတီက ဤကဲ့သို့ ကျောင်းသားကိုယ်စားလှယ်ထားခြင်းသည်

mgyoe.com

mgyoe.com

သင့်လျော်လှသည့်အချက် တက္ကသိုလ်လုပ်ငန်းတစ်ရပ်ဟု မထင်ဟုဆိုရာ၌ ကျွန်ုပ်တို့ကား ထိုသို့မကြည့် ကျောင်းသားများ၏ ကိုယ်စားလှယ်သည် ကျောင်းသားတို့အဖို့ ကောင်စီတွင် ဈေးဆစ်ရန်မဟုတ် ကျောင်းသားတို့၏ အာသီသအမှန် သဘောထားပြောကြားရန်အတွက်- ဖြစ်၏။

၃၃။ အစီရင်ခံစာနံပါတ် (၂၁) တွင် ဒုတိယ ချန်ဆယ်လာဟောင်းတို့ကို ကောင်စီဝင် ရာသက်ပန်လူကြီးများ ဖြစ်သင့်သည်ဟု ထောက်ခံချက်ကို သဘောမတူ။ ၎င်းတို့၏ အမှုထမ်းကို အခြားနည်းများဖြင့် အသိအမှတ်ပြုလိုက ပြုနိုင်၏။

၃၄။ တက္ကသိုလ်ကောင်စီ၏ သက်တမ်းသည် သုံးနှစ်ပင်ဖြစ်သင့်သည်ဟု ၂၂-မျက်နှာတွင် ထောက်ခံချက်ကို သဘောတူပါကြောင်း။ သို့ရာတွင် ရွေးကောက်ပွဲမှာ တစ်ကြိမ်တည်းဖြစ်စေလိုကြောင်း။ ကြားရွေးကောက်ပွဲတွင် အရွေးခံရသူသည် ကျန်သော ကာလအပိုင်းအခြား အတွက်သာ ကောင်စီလူကြီးဖြစ်သင့်၍ သုံးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကြီးရှိစေလိုကြောင်း။ ဤကဲ့သို့ဖြစ်လျှင် တက္ကသိုလ်အရေးကို ပိုမို လူများစိတ်ဝင်စားလာဖွယ်ရာ ဖြစ်ပါသည်။

၃၅။ သာမန်အားဖြင့် တက္ကသိုလ်ကောင်စီသည် တစ်နှစ်လျှင် ၂ ကြိမ် စည်းဝေးသင့်ပါ၏ အစည်းအဝေးမှတ်တမ်းပို့ရာ၌ကား (အစီရင်ခံစာ မျက်နှာ-၂၃) တက္ကသိုလ်အမှုဆောင်အဖွဲ့၊ ဆီနိတ်အမှုဆောင်အဖွဲ့နှင့် ကောလိပ်အုပ်ချုပ်ရေးအဖွဲ့တို့၏ မှတ်တမ်းတို့ကို အစည်းအဝေးပြီးသည့်နောက် ၁၄-ရက်အတွင်း (ဤမှတ်တမ်းအပိုဒ် ၁၆-အရ) ကောင်စီလူကြီးများထံ ပို့သင့်ကြောင်း။ ကြားမှပို့လျှင် အရေးယူရန် ခဲယဉ်းမည်ဖြစ်သဖြင့် ကောင်စီမှာ ယခုကဲ့သို့ ဒုံရင်းပြန်နေဦးမည်ဖြစ်ကြောင်း။

၃၆။ စာမျက်နှာ ၂၄ တွင် ကောင်စီမှ တင်မြှောက်သော တက္ကသိုလ်အမှုဆောင်အဖွဲ့ဝင်လူကြီး ၇ ဦးစလုံး အပြင်မှ လူကြီးများဖြစ်သင့်ကြောင်း။

၃၇။ မန္တလေး ဥပစာကောလိပ်ကို တက္ကသိုလ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်ရန် စာမျက်နှာ ၂၅-တွင် မြဘူးကော်မတီ၏ ထောက်ခံချက်ကို စဉ်းစားရာတွင် ကျွန်ုပ်တို့သည် ဥပစာအတန်းများကို ပညာမင်းကြီးက အုပ်ချုပ်သင့် မအုပ်ချုပ်သင့်ကိုလည်း စဉ်းစားဆွေးနွေးမိသော်လည်း အချက်စုံလင်စွာ မသိရှိရ၍ ယတိပြတ်ဆုံးဖြတ်ချက်မကျပါကြောင်း။ သို့ရာတွင် စာမျက်နှာ ၃၄ တွင် မြဘူး ကော်မတီက ဥပစာကျောင်း ၃-၄ ကျောင်းခန့် အခြားမြို့

mgyoe.com

mgyoe.com
များတွင် ၁-၂ နှစ်အတွင်းထားရန် ထောက်ခံချက် ကျွန်ုပ်တို့ အထူးအားပေးပါကြောင်း။ အကယ်၍ ဥပစာတန်းများသည် တက္ကသိုလ်ပညာရေးအဆင့်အတန်းပင် ဖြစ်သင့်သည်ဆိုပါလျှင် ကျွန်ုပ်တို့ ဤမှတ်တမ်း အပိုဒ် ၁၇-တွင် ဆိုခဲ့သည့်အားလျော်စွာ တက္ကသိုလ်က ဥပစာကောလိပ်များကို အုပ်ချုပ်ခြင်းကို သဘောတူပါသည်။ ဤဥပစာကောလိပ်များအရေးတွင် အထူးသဖြင့် မန္တလေးကောလိပ်အရေးတွင် ဤသို့အုပ်ချုပ်နည်းကို မြဘူးကော်မတီသည် အဘယ့်ကြောင့် ကြိုက်နှစ်သက်ရသနည်းကို စဉ်းစား၍ မရအောင်ဖြစ်ပါကြောင်း။ အဘယ့်ကြောင့်ဆိုသော် စာမျက်နှာ ၂၆-၂၈ တွင်ကား အခြား တွဲဖက်ကောလိပ်များနှင့်ပတ်သက်၍ ဤထောက်ခံချက်နှင့် အထူးဆန့်ကျင်၍ ထောက်ခံခြင်းကြောင့်ပင်တည်း။ ကျွန်ုပ်တို့သည် အားလုံး ကောလိပ်များကို တက္ကသိုလ်ကချည်း အုပ်ချုပ်ရမည်ကို လေးနက်စွာ ထပ်လောင်းဆိုလိုက်ရပေကြောင်း။

၃၈။ မန္တလေး ဥပစာကောလိပ်အရေးကို စဉ်းစားရာတွင် မြန်မာပြည်အစိုးရနှင့် ဥပဒေပြုအဖွဲ့သို့ မန္တလေးကောလိပ်အား အချိန်မဆွဲဘဲ ဒီဂရီကောလိပ်အဖြစ်သို့ မြှင့်တင်ရန် သတိပေးရပါကြောင်း။

၃၉။ ပညာသင်ကြားရေး ကောင်စီ (ဆီနိတ်) တွင် တက္ကသိုလ်ကောင်စီက ကိုယ်စားလှယ်ဦးရေငါးဦးသို့ တင်မြှောက်ရန် ထောက်ခံချက်ကို ကျွန်ုပ်တို့ မှတ်တမ်းအပိုဒ် ၂၁ တွင် ဆိုခဲ့သည့်အတိုင်း ထောက်ခံပါကြောင်း။

၄၀။ စာမျက်နှာ ၂၆ မြဘူး အစီရင်ခံစာတွင် တက္ကသိုလ်အက်ဥပဒေ ပုဒ်မ၂၁၊ ပုဒ်မငယ် ၂ ကို ပြင်ရန် ထောက်ခံချက်တွင် အကြောင်းမမြင်၊ အဘယ့်ကြောင့် တက္ကသိုလ်ဝင်ခွင့်ဥပဒေထားရာတွင် ဘုရင်ခံနှင့်ကောင်စီ သဘောတူညီချက် ရရမည်ကို တွေးဆ၍မရပါ။ ထို့ကြောင့် ပုဒ်မ ၂၁ (၂) တွင် "ဘုရင်ခံချုပ်နှင့် ကောင်စီအုပ်ချုပ်ခြင်းကို အတည်ထား၍"ဆိုသော စကားများကို ပယ်ထုတ်စေလိုကြောင်း။

၄၁။ စာမျက်နှာ ၂၉ တွင် ပါမောက္ခများကို တက္ကသိုလ်အမှုဆောင်က ခန့်သင့်သည်ဟု ထောက်ခံချက်ကို သဘောတူပါကြောင်း။ တက္ကသိုလ် အမှုဆောင်သည် စတက်ကျူအရ တက္ကသိုလ်အာဏာပိုင်အဖွဲ့တစ်ခု ဖြစ်သင့်သည်ဟု မြဘူးကော်မတီ၏ ထောက်ခံချက်အတိုင်း အသစ်တက္ကသိုလ်ဥပဒေတွင် ထိုသို့ဖြစ်လိမ့်မည်ဟု ယူဆကြောင်း။ ထိုသို့ဖြစ်လျှင် တက္ကသိုလ်ကောင်စီက အမှုဆောင်က ပါမောက္ခခန့်ထားရေးကို ပြန်လည်စစ်ဆေးနိုင်ခွင့်ရှိမည်ဟု ယူဆကြောင်း၊ ထိုသို့မဟုတ်ပါက ထိုအချက်အလက်ကို
mgyoe.com

mgyoe.com

ထည့်သွင်းစေလိုကြောင်း။ ဆီနိတ်အမှုဆောင်နှင့် တက္ကသိုလ်အမှုဆောင်တို့ အချင်းများကြလျှင် အဓိပတိမဟုတ်ဘဲ တက္ကသိုလ်ကောင်စီထံသာ အဆုံးအဖြတ်ခံသင့်ပါကြောင်း။

၄၂။ စာမျက်နှာ ၂၉ တွင် ပုဒ်မ ၂၃ အရ တက္ကသိုလ်ကောင်စီက စတက်ကျူများ ပြုလုပ်နိုင်ခွင့်၊ ဖျက်ပယ်ခွင့်၊ ပြင်ဆင်ခွင့်နှင့် ပတ်သက်၍ ပြင်ရန် ထောက်ခံချက်ကို အထူးသဘောမကျကြောင်း၊ ဤထောက်ခံချက်ကား နောက်ပြန်ဆုတ်ခြင်းဖြစ်ကြောင်း။ ဤပုဒ်မမှာ တက္ကသိုလ်အက်ဥပဒေတွင် နှစ်ပေါင်း ၁၃ နှစ်မျှရှိပြီဖြစ်၍ ယခုအထိ ဤပုဒ်မကို တက္ကသိုလ်ကောင်စီက အလွဲသုံးစားမပြုခဲ့သည်ကို ထောက်၍ အိန္ဒိယတက္ကသိုလ်များတွင် ဤပုဒ်မကို နငယ်အမြီးတတ်သည်ကို ဤတက္ကသိုလ်ကလည်း လိုက်တတ်စရာမလိုပေ။ ထို့ကြောင့် ပုဒ်မ ၂၃-ကို ပြင်ဆင်ခြင်းကို ကျွန်ုပ်တို့ သဘောမကျပေ။

၄၃။ စာမျက်နှာ ၃၁ တွင် စတက်ကျူ ၃၃-၃၄ တို့ကို အာဏာချုပ်ကွပ်ရန် ပြင်ဆင်ချက်ကို သဘောမကျသည့်အပြင် ကျွန်ုပ်တို့ ဤမှတ်တမ်း ၁၆ အပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ပြင်ဆင်စေလိုပါကြောင်း။

၄၄။ စာမျက်နှာ ၄၁ တွင် ကောလိပ်အုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်သင့်သည်ဟု ထောက်ခံချက်ကို သဘောတူပါသည်။

၄၅။ စာမျက်နှာ ၃၁ တွင် ယူနီဘာစီတီကောလိပ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားကိုယ်စားလှယ်တစ်ဦး ပါထိုက်သည်ဟု ထောက်ခံချက်ကို သဘောတူပါသည်။ သို့ရာတွင် ဤမှတ်တမ်း ၁၉ တွင် ဖော်ပြထားသည့်အတိုင်း မြှောက်တင်ရန် လူကြီးမှာ ကျောင်းသားမဟုတ်သည့် တက္ကသိုလ်ဘွဲ့ထူးရသူများမှသာ မဟုတ်ဘဲ အခြားလူကြီးများမှလည်း မြှောက်နိုင်ခွင့်ရစေလိုပါကြောင်း။ (အပိုဒ် ၃၂ ကိုလည်း ကြည့်ပါ။)

၄၆။ စာမျက်နှာ ၃၁ တွင် ယူနီဘာစီတီကောလိပ်အုပ်ချုပ်ရေးအဖွဲ့သို့ ကျောင်းအုပ်ကြီးက မြှောက်သူသည် ပါမောက္ခချည်းမဟုတ်ဘဲ ဖြစ်နိုင်သည်ဟု မြဘူးကော်မတီ၏ ထောက်ခံချက်ကို သဘောတူလင့်ကစား ကျောင်းအုပ်အား ဤသို့တင်မြှောက်ခွင့်ပေးခြင်းကို သဘောမတူပါ။ စာမျက်နှာ ၃၁ ထိုအပိုဒ်ထဲတွင် ထောက်ခံထားသည့်အတိုင်း အုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းဆရာ ၂ ယောက်ရှိရန်အစား ဤမှတ်တမ်းအပိုဒ် ၁၉ တွင် ပြခဲ့

mgyoe.com

သည့်အတိုင်း ဆရာတစ်ဦးတည်း ရှိသင့်ပါကြောင်း။

၄၇။ တက္ကသိုလ်ဝင်ခွင့်အရေးနှင့် ပတ်သက်၍ ဟိုက်စကူးဖိုင်နယ် စာမေးပွဲကို ၉ နှစ် အချိန်အတွက် သတ်မှတ်ပါလျှင် စာမျက်နှာ ၃၄ ပထမ ထောက်ခံချက်ကို သဘောတူပါသည်။ သို့မဟုတ်က ဟိုက်စကူး စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ခွဲ၍စစ်ရန် အကြံပေးပါသည်။ ကျောင်းသားများသည် ၂ ခုစလုံးကိုဖြစ်စေ၊ တစ်ခုတည်းဖြစ်စေ၊ ဝင်နိုင်ခွင့်ရရှိ၍ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်သူတို့သာ တက္ကသိုလ်စာမေးပွဲများကို ဖြေခွင့်ရထိုက်ကြောင်း၊ ပထဝီနှင့် ရာဇဝင်ဘာသာစသော မေးခွန်းများတွင် အတူတူမေးနိုင်ရန် အကြောင်းရှိကြောင်း။

၄၈။ မြဘူးကော်မတီသည် စာမျက်နှာနံပါတ် ၃၅ တွင် တက္ကသိုလ် ယခုပြုလုပ်စီမံပုံအတိုင်းဆိုလျှင် ကျောင်းသားများနှင့် ကျောင်းအုပ်ဆရာများ ရင်းရင်းနှီးနှီး မရှိကြဟု ဝန်ခံ၏။ သို့ရာတွင် ဆရာများကို ဖေးတီးဖေးမ ဤကဲ့သို့ မရင်းနှီးခြင်းသည် ကျောင်းသားများအားတွေ့ရန် အချိန်မရှိ၍ဆိုခြင်းကို ကျွန်ုပ်တို့ သဘောမတူပေ။ ကျွန်ုပ်တို့ သဘောအရကား ဆရာများအထူးသဖြင့် အထက်တန်းဆရာကြီးများမှာ အချိန်ပိုလုံလောက်စွာရကြသည်ဟု ထင်၏။ ယုဒသန်ကောလိပ်တွင် ဆရာများနှင့် ကျောင်းသားများ အထူးရင်းနှီးကြ၏။ ယူနီဘာစီကောလိပ်တွင်ကား ထူးထူးခြားခြား အထက်တန်းဆရာများနှင့် ကျောင်းသားများမှာ အမြဲ တစ်ဦးကိုတစ်ဦး စောင်လျက်ရှိကြ၏။ ဤအချက်ကို တက္ကသိုလ်သည် သတိချပ်မိစေလို၏။ (ဤတွင်ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းအား ကျောင်းသားအားလုံးနှင့် ကျောင်းဆရာများသည် အသင်းသားဖြစ်ရမည်ဟု ဥပဒေထား၍ ကျောင်းသားများ အစုငယ်အစုငယ်ဖွဲ့၍ ၎င်းတို့ကိုဖိတ်ကြားတွေ့ဆုံပါလျှင် အမှန်သို့ရောက်လိမ့်မည်ဟု ထင်ပါကြောင်း။ ရန်ကုန်တက္ကသိုလ် သမဂ္ဂအသင်းကိုလည်း လတ်တလော ကောလိပ်နှင့် တက္ကသိုလ်ကျောင်းသားများ ကိစ္စတို့တွင် တက္ကသိုလ်နှင့် ကောလိပ်တို့သို့ တင်သွင်းပြောဖို့ ခွင့်ပြုသင့်ပေကြောင်း။ ၎င်းပြင် သမဂ္ဂအသင်းကို အက်ဥပဒေသစ်တွင် စတက်ကျူအရထားလျှင် ဘေးဖြစ်စရာ မမြင်ပါကြောင်း။)

၄၉။ တက္ကသိုလ်နှင့် တွဲဖက်ကောလိပ်များအတွင်း အလုပ်လုပ်ပုံများနှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့စည်းရန် စာမျက်နှာနံပါတ် ၃၆

mgyoe.com

တွင် ဖော်ပြသော ဆီနိတ်အဖွဲ့၏ တောင်းပန်ချက်ကို ကျွန်ုပ်တို့ မကန့်ကွက်၊ သို့ရာတွင် ထိုကော်မရှင်ကို စောင့်စား၍ အက်ဥပဒေပြင်ဆင်ရေးကိုကား မနှောင့်နှေးစေလို။

၅၀။ ဤမှတ်တမ်းကို နိဂုံးမချုပ်မီ ကျွန်ုပ်တို့ အထူးတိုက်တွန်းလိုသော အချက်ကား တက္ကသိုလ်သည် မြန်မာစာဖြင့် ဘာသာရပ်များကို သင်ကြားရန်အတွက် စည်းမျဉ်း ကျကျနနချထားသင့်သည်ဟု ထင်ပါကြောင်း။ ဤနေရာတွင် တက္ကသိုလ်သည် အစိုးရနှင့် ပူးပေါင်း၍ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ယခုကစ၍ ထိုအရေးအတွက် စခန်းစသင့်ပြီဖြစ်ကြောင်း။ စုတိတ်စကောလာ ပညာတော်သင်များကို ၎င်းတို့ပြန်လာလျှင် ခန့်ထားမည်ဟုရည်ရွယ်၍ လွှတ်သင့်ပြီဖြစ်ကြောင်း။ မကြာမီ ချက်ချင်းဘာသာပြန်ကြားရေး အဖွဲ့တစ်ခုကို ငွေအလုံအလောက်ဖြင့်ခန့်ထား၍ ရာဇဝင်၊ ဘောဂဗေဒ၊ လောကဓာတ်ကျမ်း အမျိုးမျိုးတို့ကို မြန်မာဘာသာသို့ ပြန်ကြားအပ်လှပြီဖြစ်ကြောင်း။

mgyoe.com

mgyoe.com

တိုင်းပြည်၏ အညွန့်အညှောက် အနာဂတ်
မြန်မာပြည်မြန်မာတစ်နိုင်ငံလုံး
အကြီးဆုံး
ကျွန်ုပ်တို့၏ ကျောင်းသား
အသင်းကို
ငွေအားဖြင့် ချီးမြှင့်တော်မူကြပါ။

mgyoe.com

mgyoe.com

သပိတ်မှောက်သည်ဟူသော ဝေါဟာရစကားစုကို ထိုခေတ်က မသုံး၊ မြန်မာလို ပြောရာ၌ပင် ဘွိုင်းကောက်ဟု ပြောဆိုသုံးစွဲခဲ့ကြမည် ဖြစ်ပါသည်။ သို့သော် ယခုအခါ သပိတ်မှောက်ခြင်းဝေါဟာရမှာ အများသိသော တွင်ကျယ်သည့် စကားစုဖြစ်နေပြီဖြစ်သဖြင့် ယခုဘာသာပြန်ရာတွင် ဘွိုင်းကောက် သပိတ်မှောက်သည်ဟု ရေးသားပါသည်။

## The Voice of Young Burma

## မြန်မာလူငယ်အသံ

တက္ကသိုလ်သပိတ် ဝါဒဖြန့်အဖွဲ့၏ ကြေညာချက်များကို စုပေါင်းပုံနှိပ်ခြင်း။

မြူဘားမားပုံနှိပ်တိုက်
၁၄၂၊ မောင်ဂိုမာရီလမ်း
ရန်ကုန်မြို့။ ၁၉၂၂။

## ရှေးဦးစကား

တက္ကသိုလ်သပိတ်မှောက် ကျောင်းသားတို့ ရံဖန်ရံခါရေးသားခဲ့သော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်တစ်စောင်တစ်ဖွဲ့ ဖြစ်အောင် ပုံနှိပ်ရခြင်း၏ ရည်ရွယ်ချက်မှာ စာဖတ်ပရိသတ်အများသည် ထင်ရှားလှသည့် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို ခြုံငုံ၍ မြင်နိုင်ကြစေရန်နှင့်၊ လူကြီးမိဘများနှင့် တက္ကသပိတ်မှောက်ကျောင်းသားတို့၏အကျိုးကို လိုလားသူများအား မကြာမီ မြန်မာနိုင်ငံတွင် လူလားမြောက်သော တိုင်းသူပြည်သားများအနေဖြင့် ပါဝင်လှုပ်ရှားလာကြတော့မည့် သပိတ်မှောက်ကျောင်းသားတို့၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်တို့ကို တင်ပြရန်ဖြစ်ပါသည်။ သပိတ်မှောက်ကျောင်းသား ညီအစ်ကိုမောင်နှမတို့မှာလည်း ယခုစာအုပ်ငယ်ကို တွေ့မြင် ဖတ်ရှုရသဖြင့် သပိတ်ပေါ်ဦးမှစ၍ နေ့စဉ်လှုပ်ရှား တွေ့ကြုံရပုံ အစုံစုံကို မြင်ယောင်လျက် အရင်းအစ ဖြစ်သော အကြံအစည်များကို မမေ့ကောင်း မပျောက်ကောင်းသော ကိစ္စများအနေဖြင့် သတိရကြရန်ဖြစ်ပါသည်။ ကျွန်တော်တို့ လုပ်ချင်ပါလျက် မလုပ်ခဲ့ရသေးသည့် ကိစ္စများရှိသေးရာ၊ ယခု စာအုပ်ငယ်၏ စာမျက်နှာတို့ကို တစ်ရွက်ချင်းလှန်၍

mgyoe.com

mgyoe.com

ဖတ်သွားစဉ်မှာပင် ထိုကိစ္စတို့ကို ပြန်လည် အမှတ်ရလျက် ကျွန်တော်တို့ မောင်ရင်း နှမ၊ ညီရင်း အစ်ကိုတို့သည် အမိနိုင်ငံ၏ ဂုဏ်ကျက်သရေနှင့် ကျွန်တော်တို့ လှုပ်ရှားမှု၏ သိက္ခာကို အစဉ်မြင့်မားလျက်ရှိစေရန် အင်သစ် အားသစ်မွေးလျက် ရောက်ရာအရပ်မှ ရရာအခွင့်ကောင်းကိုယူ၍ ထိုကိစ္စတို့ကို မဖြစ်မနေ ဆက်လက်လုပ်ကြစေကြောင်း မေတ္တာရပ်ခံလိုပါသည်။

အမှတ် (၃) ယောက်လမ်း။
ရန်ကုန်မြို့။
၇၊ ဇန်နဝါရီ၊ ၁၉၂၂။

mgyoe.com

mgyoe.com

# (၁) အခြေခံဖွဲ့စည်းပုံဥပဒေအတွက်လှုံ့ဆော်သံ ရန်ကုန်တက္ကသိုလ်သပိတ်

**၈၊ ဒီဇင်ဘာ၊ ၁၉၂၀။**

မြန်မာနိုင်ငံပြည်သူတို့ ဥပဒေပြုကောင်စီတွင်းပြင်မှနေ၍ အသေအချာ စဉ်းစားဆင်ခြင်လျက် စုပေါင်းညီညာစွာ ကန့်ကွက်သော်လည်း ရန်ကုန် တက္ကသိုလ် ဥပဒေအတိုင်း ၁၊ ဒီဇင်ဘာ၊ ၁၉၂၀ မှစ၍ လိုက်နာဆောင်ရွက် တော့မည် ဖြစ်ပါသည်။ ဥပဒေကြမ်းအဖြစ်ဖြင့် ယင်းဥပဒေကို ကောင်စီတွင်း၌ ဆွေးနွေးရန် စတင်သည့်ရက်မှစ၍ မြန်မာပြည်သူတို့သည် အချို့အချက်များကို ခိုင်မာပြတ်သားစွာ တောင်းဆိုခဲ့ကြပါသည်။ သို့သော် တောင်းဆိုချက်များမရ၊ ပြည်သူတို့ လိုလားတမ်းတခြင်း မရှိပါဘဲလျက် ထိုဥပဒေသည် လွှမ်းခြုံရောက်ရှိ လာပါတော့သည်။ ရန်ကုန်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသား ၅၀၀ မျှသည် ထို့ကြောင့် တရားဝင်ဆောင်ရွက်ခွင့်ရှိသော နောက်ဆုံးပြုလုပ်ဖွယ်ဖြစ်သည့် နည်းကို သုံးမည်ဟု သပိတ်မှောက်ကြ၏။ ပညာတတ်များကို မြန်မာနိုင်ငံက ညီညွတ်ကြပါလို့ ယခု တိုက်တွန်းနှိုးဆော်လျက်ရှိပါပြီ။ ယခုပုံစံအတိုင်း တွေ့မြင် ရသည့် ဥပဒေကြမ်းသည် တက္ကသိုလ်ပညာကို ချေမှုန်း၍ နိုင်ငံ၏ဂုဏ်သိက္ခာနှင့် တကွ အဆင့်အတန်း အခြေအနေအားလုံးကို ပျက်စီးယွင်းယိုအောင် လုပ်ပစ် မည့်သဘော ရှိနေပါသည်။



mgyoe.com

mgyoe.com

# (၂) မြန်မာပြည်သူမျှားခင်ဗျား

**၈၊ ဒီဇင်ဘာ၊ ၁၉၂၀။**

ကျွန်တော်တို့ ရန်ကုန်နှင့် ယုဒသန်ကောလိပ်များမှ ကျောင်းသားများသည် မည်သို့အဆုံးသတ်မည်ဟု မည်သူမှ ကြို၍မမြင်နိုင်သော တိုက်ပွဲတစ်ရပ်ကို ဆင်နွှဲလျက်ရှိကြပါပြီ။ သို့သော် ကျွန်တော်တို့၏ အရေးတော်ပုံသည် မှန်ကန်နည်းလမ်းကျသည်ဟူ၍ကား ကျွန်တော်တို့ အခိုင်အမာယုံကြည်ပါသည်။ အမျိုးသားရေးကို ချုပ်နှောင်ထားရန် အစိုးရကဖန်တီးသည့် လက်နက်တစ်ရပ်ဟူ၍သာ ယူဆဖွယ်ရှိသော တက္ကသိုလ်ဥပဒေကို ချေမှုန်းရန် ကျွန်တော်တို့ ရည်ရွယ်ပါသည်။ မြန်မာပြည်သူများ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်သည့် အင်အားဖြင့် မဟုတ်မခံ ငွဲမာန်ကြီးကြီးထားလျက် ရပ်တည်မည့် ကျွန်တော်တို့ မြန်မာလူငယ်များသာ အခုကျရောက်မည့်ဘေးကို ကာကွယ်နိုင်မည့်သူများအဖြစ်ရှိနေပါသည်။ ကျွန်တော်တို့ ကောလိပ်ကျောင်းသားများသာလျှင် ပညာတတ်သင်းဖွဲ့ဖြစ်၍ ပြည်သူ့အမြုတေများ ဖြစ်ပါသည်ဟု ထိုနိုင်ငံတွင်းရှိသမျှ အဖွဲ့စည်းအားလုံးကို တင်ပြလိုပါသည်။ တိုင်းရင်းသားတို့နှင့် အသင့်လျော်ဆုံးပညာကို အမျိုးသားကောလိပ်ရှိမှသာ ပို့ချပေးနိုင်မည်ဖြစ်ပါသဖြင့် ထိုကောလိပ်တစ်ခု အလွန့် အလွန်လိုအပ်ကြောင်း ကျွန်တော်တို့၏ သပိတ်က ထင်ရှားစွာ ကြွေးကြော်လျက်ရှိပြီဟု ကျွန်တော်တို့ ခိုင်မြဲစွာ ယုံကြည်ပါသည်။ အိန္ဒိယတွင် အမျိုးသား ကောလိပ်များ အပြိုင်အဆိုင် တိုးတက် ပေါက်ဖွားနေစဉ်မှာ မြန်မာက နောက်ကျနေ၍ တော်မည်လော။ မနေပါ။ ကိုယ့်မြန်မာ့အရေး ကိုယ်လေးစားလျှင် မည်သည့်နည်းနှင့်မျှ နေမည်မဟုတ်ပါ။ ယခုကဲ့သို့ ကြီးမြင့်သည့် မှန်းထားချက် ကျွန်တော်တို့တွင်ရှိသည်ဟု သတ်မှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့၏ လှုပ်ရှားမှုသည် အောင်ပွဲရမည်သာဟု ပြောနိုင်ပါသည်။ အမျိုးသားစိတ်ဓာတ်ကို လှုံ့ဆော်သည့်ပွဲ ဖြစ်ပါသည်။ လျင်လျင်ထက်ထက်၊ ခြိမ့်ခြိမ့်သဲသဲ ပါဝင်လာကြမည်ဟု မျှော်လင့်ပါသည်။

❑

mgyoe.com

mgyoe.com

# (၃) ရန်ကုန်နှင့်ယုဒသန်ကောလိပ်
# ကျောင်းအုပ်ကြီးများထံပေးစာ

**၁၂၊ ဒီဇင်ဘာ၊ ၁၉၂၀။**

**ဆရာကြီးတို့ခင်ဗျား–**

၁၊ ဒီဇင်ဘာ၊ ၁၉၂၀ မှ စတင်ကျင့်သုံးသော ရန်ကုန်တက္ကသိုလ်ဥပဒေကို မလိုလားသဖြင့် ကျွန်တော်တို့ တစ်စုသည် နှိုးဆော်ဖွဲ့စည်းလျက် လှုပ်ရှားမှုတစ်ရပ်ကို စတင်လျက်ရှိပါပြီ။ ကျွန်တော်တို့၏ အခြေအနေသည် သာမညမဟုတ်၊ နက်ရှိုင်းသည်ဟု သိပါသည်။ သို့သော် မိမိဘဝကို မိမိလေးစားသောသူများအဖြစ်ဖြင့် ဤနည်းမျိုးမှတစ်ပါး အခြား ပြုဖွယ်မရှိသဖြင့် ယခုကဲ့သို့ ပြုလုပ်ကြရပါသည်။ ဤဥပဒေသည် အနာဂတ်ကာလတွင် သားစဉ်မြေးဆက် ထိခိုက်မည်ဟုသိသဖြင့် မရှောင်သာသည့်ဖြစ်ရပ်ကို ရဲရဲရင်ဆိုင်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ကောလိပ်ကျောင်းအုပ်ကြီးများအဖြစ်ဖြင့် ဆရာကြီးတို့၏ ဆောင်ရွက်ချက်တို့ကို မည်သည့်ပုံစံနှင့်မျှ ဆန့်ကျင်လို၍ ယခုကဲ့သို့ ပြုမူခြင်းမဟုတ်ပါကြောင်း ခိုင်ခိုင်မာမာပြောလိုပါသည်။ ယခင်က ဆရာကြီးတို့သည် ကျွန်တော်တို့နိုင်ငံ၏အရေးကို အထောက်အကူဖြစ်စေမည့်ကိစ္စတို့၌ ထင်ရှားဂုဏ်ယူဖွယ်ဖြစ်အောင် ပါဝင်ထမ်းဆောင်ခဲ့ပုံကို သိရှိသည့်အလျောက် ပြည့်ပြည့်ဝဝ လေးစားကြည်ညိုပါသည်။ သို့သော် ကျွန်တော်တို့၌ ပန်းတိုင်တစ်ခု သတ်မှတ်ပြီးရှိပြီဖြစ်၍ ယင်းပန်းတိုင်အရောက် ကိုယ်ကျိုးစွန့်လျက် မငဲ့ညှာနိုင်ဘဲ ချီတက်ရပါသည်။

ယခု ကျွန်တော်တို့ကြောင့် ဆရာကြီးတို့၏ နာမည်ကောင်းနှင့် ဂုဏ်သိက္ခာကို ထိခိုက်မည်ဆိုပါလျှင် ကျွန်တော်တို့၏ စွန့်စားမှုသည် ထိုနာကျည်းခြင်းများထက် အဆတစ်ရာ များစွာသာလွန်ကြောင်း ရိုသေလေးမြတ်စွာပန်ကြားအစီရင်ခံပါသည်။

**သပိတ်မှောက်ကျောင်းသားများ**



mgyoe.com

mgyoe.com

# (၄) သပိတ်မှောက်ကျောင်းသားများနှင့် အင်္ဂလိပ်သတင်းစာ

**၁၂၊ ဒီဇင်ဘာ၊ ၁၉၂၀။**

## မြူးဘားမားသတင်းစာ အယ်ဒီတာခင်ဗျား

ဆရာတို့၏ ဂုဏ်သတင်းကြီးသော သတင်းစာမှတစ်ဆင့် ကျွန်တော်တို့၏ သမဂ္ဂအကျိုးကို လိုလားသူတို့နှင့် ပြည်သူအများကို အသိပေးဖော်ပြလိုသော အကြောင်းတစ်ခုကို ထောက်ထားသက်ညှာသောအားဖြင့် ဖော်ပြပေးပါရန် တောင်းပန်ပါသည်။ ယင်းအကြောင်းမှာ ကျွန်တော်တို့၏ အယူအဆများကို ရေးသားလျက် အင်္ဂလိပ်သတင်းစာတို့တွင် ထည့်သွင်းပုံနှိပ်ပေးရန် ပို့သောအခါ မထည့်ပေးနိုင်ဟု ပယ်လိုက်သောအကြောင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကို အားပေးလိုသူများသည် ကျွန်တော်တို့နှင့်ဆိုင်ရာ သတင်းမှအစ သိကောင်းစရာတို့ကို မြူးဘားမားနှင့် ရန်းဂွန်းမေး သတင်းစာ နှစ်စောင်၌သာ စောင့်ဆိုင်းဖတ်ရှုကြပါဟု တောင်းပန်လိုပါသည်။

သပိတ်မှောက်သည်မှစ၍ အဆိုပါ နေ့စဉ်သတင်းစာတို့က ကျွန်တော်တို့၏ မကောင်းသတင်းမျိုးကိုသာ လည်ဆယ်ကြဲဖန်လျက် ဂရုတစိုက် ဖော်ပြခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့က ဤသို့ မတရားစွပ်စွဲချက်နှင့် ဆောင်းပါးရိုပ်ခြေဖော်ပြချက်တို့ကို စာဖြင့်ရေးသား ရှင်းလင်းဖြေဆိုသောအခါ ထည့်သွင်းပုံနှိပ်၍ မပေးတော့ပါ။

mgyoe.com

mgyoe.com

ထိုသတင်းစာများက ကျွန်တော်တို့သည် စိုးရိမ်ဖွယ်၊ ထိတ်လန့်ဖွယ်များ ကြုံတွေ့နေရသကဲ့သို့ ရေးသားလျက်ရှိရာ ယင်းတို့မှာ သက်သေအထောက်အထား ခိုင်လုံစွာမရှိ၊ မဟုတ်မတရား ရေးခြင်းဖြစ်သည်ဟု ရပ်ဝေးရှိ လူကြီးမိဘတို့ကို အကြောင်းကြားလိုပါသည်။ စိုးရိမ်ရန် မရှိပါခင်ဗျား။ ပြည်သူအများ ကျွေးမွေးသော ထမင်းကိုစားလျက် ဥပဒေဘောင်အတွင်းမှ သပိတ်မှောက် လက်နက်ကိုသုံးစွဲ၍ ဆုံးခန်းတိုင်ရောက်အောင် တိုက်ခိုက်သွားရန်သာ ကျွန်တော်များ၏တာဝန် ကျန်ရှိနေပါတော့သည်။ ကျွန်တော်တို့ထက် အသက်အရွယ်ကြီးရင့်သူများသည် ကျွန်တော်တို့အပေါ် ကျရောက်မည့်အန္တရာယ်ကို အကာအကွယ်မပေး၊ လျစ်လျူရှုခဲ့ကြသဖြင့်သာ ယခု ကျွန်တော်တို့က ဖြစ်လိုရာဖြစ်တော့ဟု ကိုယ်စိုးကိုယ်ပိုင် ဆုံးဖြတ်ချက်ချ၍ စွန့်စားဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ကျောင်းသားငယ်များကပင်လျှင် ကြင်နာစိတ်ရှိကြောင်း ထင်ရှားအောင်စတိ သပိတ်မှောက်ကြပါသည်။ အင်္ဂလိပ်သတင်းစာတို့က ပုတ်ခတ်ရေးသားသကဲ့သို့ ကျွန်တော်တို့ ကောလိပ်ကျောင်းသားများက အနိုင်ကျင့်စေခိုင်းသဖြင့်သာ ကျောင်းသားငယ်များ သပိတ်မှောက်ကြခြင်းမဟုတ်ကြောင်း ပြင်းပြင်းထန်ထန် ငြင်းဆိုပါသည်။ တက္ကသိုလ်သပိတ်မှောက်ကျောင်းသားများ ဆုံးဖြတ်ချက် ခိုင်ခိုင်ဖြင့် ကြံ့ခိုင်ကြရန်သာလိုပါသည်။ ညီညွတ်ပါလျက် မရသည့်အကြောင်းချင်းရာများ ရှိဖူးပါသလား။

❐

mgyoe.com

# (၅) သပိတ်မှောက်ကျောင်းသားများအကြမ်းမဖက်ပါ

**၁၂၊ ဒီဇင်ဘာ၊ ၁၉၂၀။**

ရန်ကုန်ဝန်းတိုင်းနှင့် ရန်ကုန်ဝန်းဂဇက်တို့က မျက်နှာပြောင်ထား၍ စွပ်စွဲလိုက်ကြသည်မှာ တက္ကသိုလ်သပိတ်မှောက်ကျောင်းသားတို့သည် အဆင်ခြင်တရားကင်းမဲ့သည့်အဖြစ်သို့ရောက်လျက် အမှုကိစ္စဆောင်ရွက်ရာတွင် အကြမ်းဖက်လျက်ရှိပြီဟူ၍ပင် ဖြစ်ပါသည်။ ယခုကဲ့သို့ ကျွန်တော်တို့အကျိုးကို ထိခိုက်အောင် အကြမ်းဖက်သည်၊ ခြိမ်းခြောက်သည်ဟုစွပ်စွဲသည်ကို ပြင်းပြင်းထန်ထန်ငြင်းပါသည်။ အင်္ဂလိပ်သတင်းစာတို့သည် အမှန်ကိုအမှား တရားကို မတရားပြောဆိုကြောင်း နိုင်ငံအစိုးရနှင့်တကွ တက္ကသိုလ်အာဏာပိုင်များ သတိပြုမိကြစေလိုပါသည်။

ကျွန်တော်တို့ကို ချစ်ခင်ကြင်နာသဖြင့် သပိတ်မှောက်လိုက်သောကျောင်းသားငယ်တို့ကို ယခု ကျွန်တော်တို့က တာဝန်ယူလျက် စောင့်ရှောက်ထားပါပြီ။ ရက်ရောသော ပြည်သူတို့၏ အလှူငွေနှင့် ဝတ္ထုပစ္စည်းကို ကျွန်တော်တို့ကိုယ်တိုင် ကောက်ခံလျက် သူတို့ကို ကျွေးမွေးထားပါပြီ။

ဗဟန်း
၁၀၊ ဒီဇင်ဘာ၊ ၁၉၂၀။

❒

mgyoe.com

mgyoe.com

# (၆) ကာနယ်ဝက်ဂျဝတ်နှင့် ဇနီးတို့ထံ ရန်ကုန်ကျောင်းသားတို့က ပန်ကြားချက်

၁၅၊ ဒီဇင်ဘာ၊ ၁၉၂၀။

## လေးစားအပ်သော လူကြီးမင်းနှင့်ဇနီးတို့ခင်ဗျား

စေတီပုထိုးနှင့် အုန်း ဓနိ ထန်းတို့ရှိလျက် ရွှင်လန်းတောက်ပသည့် ကျွန်တော်တို့ရပ်ဌာနီသို့ ရောက်လာသော ဝက်ဂျဝတ်လူကြီးမင်းနှင့် ဇနီးတို့ကို ရန်ကုန်ကျောင်းများမှ ကျွန်တော်တို့ ကျောင်းသားတို့က အားပါးတရ ရင်းနှီး ဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်ပါသည်။ မြန်မာနိုင်ငံသည် ငြိမ်းအေးသာယာလျက် ကောင်းသောစိတ်ဆန္ဒများ လွှမ်းမိုးနေသည်ဟု ကျော်ကြားထင်ရှားပြီး ရှိခဲ့သော်လည်း ချောမောငြင်သာသော ဘဝရေစီးအလျှင်ပင်လျှင် ယခုတစ်ကြိမ်မျှ မွှေနှောက်ခြင်း ခံရရှာသဖြင့် တိုင်ပင်အားထားရမည့်သူကို ကျွန်တော်တို့ မျှော်ဆဲ ရောက်လာကြသဖြင့် အခါအားဖြင့် များစွာ လျှောက်တင်သည်ဟု ဆိုချင်ပါသည်။ မြန်မာပြည်သူတို့ အကျအနစဉ်းစားလျက်၊ ကန့်ကွက်ပါလျက် အတည်ပြုလိုက်သော တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သည့် ကောလိပ်ကျောင်းသားများနှင့် ကျွန်တော်တို့ လက်တွဲမိလျက်ရှိပါပြီ။ အသက်ကြီးရင့်သူတို့ တိုက်ပွဲဝင်ခဲ့ကြသည်။ သို့သော် အချည်းအနှီးသာ ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ ရှေ့ဆောင် ကောလိပ်ကြီးနှစ်ခုမှ ကျွန်တော်တို့၏ နောင်တော်ဖြစ်သော တက္ကသိုလ်ဘွဲ့ မရသေးသည့် ကျောင်းသားကြီးများသည် ခိုင်မြဲသောအဓိဋ္ဌာန်နှင့် ကိုယ်ကျိုးစွန့်သော စိတ်ဓာတ်ဖြင့် ယခုတိုက်ပွဲကို ဆက်၍တိုက်လျက်ရှိပါပြီ။ ထိုသို့ တိုက်ဆဲ

mgyoe.com

mgyoe.com

ကာလတွင် ဖြစ်ထွန်းကြီးကျယ်လှသည် မဟုတ်သော်လည်း ကျွန်တော်တို့က သူတို့နှင့်အတူ တစ်တပ်တအား ပါဝင်နိုင်ခွင့်ရသည်ကို ကျွန်တော်တို့ ဂုဏ်ယူပါသည်။ မည်သို့သော အခြေအနေဖြင့် အဆုံးသတ်မည်ကို စောင့်၍ကြည့်ရန်သာ ရှိပါသည်။ တရားနည်းလမ်းကျ၍ မိမိတို့ရသင့်ရထိုက်သော အခွင့်အရေးကို ရယူဖို့ တိုက်ပွဲဝင်နေရသည်ဟု စွဲစွဲမြဲမြဲ ကျွန်တော်တို့ ယုံပါသည်။ လက်ရှိပညာရေးစနစ်တွင် ကျွန်တော်တို့အတွက် နစ်နာလှပါသည်ဟူသော အချက်တို့မှာ နားလည်၍ လွယ်ပါသည်။ ယင်းတို့ကို ပြင်ဆင်ပေးသင့်ပါလျက် မပြင်ပေးဘဲထားသည့် ကာလမှာလည်း ရှည်လျားခဲ့ပါပြီ။ လွတ်လပ်စွာဆက်ဆံခြင်း၊ တစ်ပြေးညီ ပေါင်းသင်းခြင်း၊ အမှန်တရားကို ဦးစားပေးခြင်းတို့၌ လူကြီးမင်းသည် ရှေ့တန်းခေါင်းဆောင်ဖြစ်သည်ဟု ကျွန်တော်တို့ လေးစားကြည်ညိုလျက် ရှိပါသည်။ လူကြီးမင်း၏ လိုက်လျောညီထွေတ်စေလိုသော အယူအဆ၊ ပညာရှိပီသသော အကြံပေးချက်တို့ဖြင့် ယခု ကျွန်တော်တို့၏ ခက်ထန်သောတိုက်ပွဲတွင် လူကြီးမင်းက ကူညီလိမ့်မည်ဟု ရိုးသားစွာ မျှော်လင့်ထားမိပါသည်။ ကျွန်တော်တို့သည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် မိမိတို့ အောက်ပါအတိုင်း အမည်မှည့်လျက် ရှိကြပါသည်။

လူကြီးမင်းကို လေးစားကြည်ညိုသော
ကလေးများ

❐

mgyoe.com

mgyoe.com

# (၇) အမျိုးသားအဖွဲ့အစည်းများသို့ မေတ္တာရပ်ခံချက်

## ၁၅၊ ဒီဇင်ဘာ၊ ၁၉၂၀။

ရန်ကုန်မြို့ရှိ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ၏ ပြည်သူအများထံသို့ မေတ္တာရပ်ခံချက်တစ်စောင်တွင် တိုင်းရင်းဖွား သားကောင်း၊ သမီးကောင်းတို့နှင့် သင့်တင့်လျောက်ပတ်သည့်ပညာကို ပေးသော အမျိုးသားကျောင်းများသည် မြန်မာနိုင်ငံတွင် အထူးလိုအပ်နေပါပြီဟု ဖော်ထုတ်ပြောပြခဲ့ဖူးပါပြီ။ ယင်း မေတ္တာရပ်ခံခဲ့စဉ်က ကျွန်တော်တို့၏ လှုပ်ရှားမှုများမှာ အစမျှသာ ရှိသေးသဖြင့် ပြည်သူအများက ငွေကြေးအားဖြင့် မည်ကဲ့သို့ကူညီမည်ဟု မခန့်မှန်းနိုင် သေးပါ။ သို့သော် ယခုအခါ ကျွန်တော်တို့၏ အထင်တကြီး ကဲကဲပိုပို၊ မှန်းဆ မျှော်လင့်ချက်တို့ကပင် အရှုံးပေးရလောက်အောင် ငွေကြေးဝတ္ထုများစွာကို အထူးမန္တိုးဆော်ရဘဲ ချက်ချင်းပင် ပြည်သူတို့က ထိန်းသိမ်းမနိုင်လောက် အောင်ပင် အမြောက်အမြား ပေးပို့လှူဒါန်းကြပါသည်။ သပိတ်မှောက် ကျောင်း သားကောင်စီသည် ဦးဆောင်နိုင်သည့် ပုဂ္ဂိုလ်အချို့နှင့် များစွာအရေးပါလှသော အမျိုးသားကျောင်းများနှင့် ကောလိပ်များဖြစ်မြောက်ရေးကို အချိန်ပြည့် စည်း ဝေးတိုင်ပင်လျက် ရှိပါပြီ။ ကျွန်တော်တို့၏ အောင်မြင်ရေးတွင် အခေါင်အချုပ် ဖြစ်မည့် အချင်းအရာမှာ ညီညွတ်ရေးဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်တို့က ဖွင့်ဟဝန်ခံ ပြောဆိုလျက်ရှိကြရာ ယင်းကိစ္စကို စီမံပြုလုပ်ဆောင်ရွက်ချိန်ထက် အလွန် လိုလားအပ်ပါသည်ဟု အထက်က ဖော်ပြခဲ့သော (အမျိုးသားပညာရေး) ကိစ္စကို ပေါ်ပေါက်ရှင်သန်လာအောင် နည်းလမ်းရှာခြင်းကို ကောင်စီသည် ပို၍ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ အပြုသဘောဆောင်ရွက်ခြင်းနှင့် အဖျက်

mgyoe.com

mgyoe.com

သဘောဆောင်ရွက်ခြင်းဟု နှစ်မျိုးရှိရာဝယ်၊ ကျွန်တော်တို့ ရှောင်းရှင်း ကျောင်းသားများ စာပေဆက်လက်သင်ကြားရေးဟူသော အပြုသဘောဆောင်ရွက်ခြင်းအနေဖြင့် အမျိုးသားကျောင်းများနှင့် ကောလိပ်များဖြစ်ပေါ်ရန် အားသွန်နေသဖြင့် အဖျက်သဘောဖြစ်သော ဥပဒေတိုက်ဖျက်ရေးကို လျစ်လျူပြု၍ ထားခဲ့ပါသည်။ အိန္ဒိယအမျိုးသားမိတ်ဆွေတို့က သဒ္ဓါအလျောက် ငွေကြေး ဝတ္ထုပစ္စည်းများ လှူဒါန်းသည်ကိုလည်း ထာဝစဉ် ကျေးဇူးတင်လျက် ရှိကြပါသည်။ အများတကာက ဤအားတက်သရော ဝိုင်းဝန်းကူညီကြပါသဖြင့် ကျွန်တော်တို့သည် မည်သည့်အမှုကိုဖြစ်စေ ဆောင်ရွက်လျှင် အောင်မည်ဟု အထင်ကြီးစပြုလာပါသည်။ သပိတ်ကိစ္စသည် မည်သည့်စခန်း၌ပင် ရပ်ခဲ့၍ဖြစ်စေ ကျွန်တော်တို့၏ စုပေါင်းစွမ်းအားကို ယခု အသစ်ထွင်ပြင်ထားသော လမ်းသစ်ဘက်သို့ ရွှေ့ပြောင်းပို့ဆောင်ကြရပါမည်။ အမျိုးသားကောလိပ်များ ထူထောင်ခြင်းထက် ပို၍လွယ်သော အမျိုးသားအထက်တန်းကျောင်းများ ဖြစ်မြောက်အောင် ကျောင်းသားစုဆောင်းရန် ဟောတတ် ပြောတတ်သူများကို လှည့်လည်သွားလာစေရပါတော့မည်။ တိုင်းရင်းသားအများကို တစ်မျိုးကူကြပါဦးဟု အသနားခံကြရပါတော့မည်။ ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်သော ကောလိပ်ကျောင်းသားများနှင့် ယင်းတို့ထက် များစွာ ပို၍ မွန်မြတ်သော စွန့်လွှတ်မှုတို့ကို လုပ်ပေးသည်ဟု ချီးကျူးရမည်။ ညီငယ်ကျောင်းသားတို့၏ လုံ့လဥဿာဟကြောင့် တစ်နိုင်ငံလုံးက ထာဝစဉ် ကျေးဇူးဥပကာရတင်ရှိမည့်ကိစ္စတစ်ခု ပြီးမြောက်ပါပြီ။ ကျွန်တော်တို့၏လှုပ်ရှားမှုကြီးမှ ကင်းလွတ်အောင် ကိုယ်လွတ်ရုန်းထွက်သွားကြသူများကို ကျွန်တော်တို့က ပြောလိုသည့် တစ်ခုတည်းသော အကြောင်းအရာမှာ "မြန်မာသားကောင်းတို့ မွေးထုတ်ရာ အမျိုးသားကောလိပ်များနှင့် ကျောင်းများ တည်ထောင်ပြီးသောအခါ ထိုကျောင်းများ၌ထားရန် အစိုးရကျောင်းများမှ ခင်ဗျားတို့၏ သားသမီးများကို ကျောင်းထုတ်ခဲ့ကြလျှင် ကျွန်တော်တို့အပေါ်၌ အကောင်းဆုံး စောင့်ရှောက်ရာမည်ပါသည်" ဟူ၍ပင် ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com

# (၈) ဘားမားအော့ဗ်ဇားဗားနှင့် သပိတ်မှောက်ကျောင်းသားများ

**၁၅၊ ဒီဇင်ဘာလ၊ ၁၉၂၀။**

ယခုအခါ စည်းလုံးညီညွတ်စွာ ရန်ကုန်တက္ကသိုလ်ဥပဒေ သပိတ်မှောက်ခြင်းကို ထိထိမိမိ စိစစ်ရွေးချယ်၍သုံးသော စကားလုံးတို့ဖြင့် စီရင်ချက်ချမှတ်ထားသည်ကို ဘားမားအော့ဗ်ဇားဗား သတင်းစာခေါင်းကြီးပိုင်း၌ ဖတ်လိုက်ရပါသည်။ အခြေအနေမှာ အရေးကြီးကြောင်း ပထမဖော်ပြသည်။ အမျိုးသားစိတ်ဓာတ် အုံကြွနိုးကြားလာသည်ကို အမှန်စင်စစ် ဂုဏ်ယူရမည်ဟု ဖော်ပြပြီးသည့်နောက် ဤလှုပ်ရှားမှု၏ နိဂုံးမှာ စိုးရိမ်စရာပါနိုင်ကြောင်း သတိပေးသောလေသံသို့ ပြောင်းသွားပါသည်။ အညွှံ့ခံခြင်းကို စိတ်တန်ခိုးရှင့်သန်သော အောင်ပွဲတစ်မျိုးဟု မြင်ပုံရသည်။ အစိုးရက သက်ညှာပါလိမ့်မည်ဟု ယုံမှတ်ပြီးနောက် ကန့်ကွက်ခြင်းကို မရုပ်သိမ်းနိုင်သော်လည်း ကိုယ့်ကျောင်းကိုယ်ပြန်တက်သည်ဟုပြော၍ ကျောင်းပြန်တက်ကြရန် ပြောင်ပြောင်ပြောနေပါသည်။

သို့သော် အစိုးရ၏ စိတ်ထားဟူသော ကျောင်းသားအမြင်တွင် နောက်ဆုံးအဆုံးအဖြတ်ပေးမည့် အလွန်အရေးပါသည့် အကြောင်းချင်းရာကို ထိုသတင်းစာကြီးက မမြင်ဟုဆိုချင်ပါသည်။ အထူးသဖြင့် မစ္စတာမက်ဟန်တား၏သဘောထားကို ထင်ရှားစေသည့် အစိုးရ၏ စိတ်လိုက်မာန်ပါ အပြုအမူသာလျှင် ကျောင်းသားတို့ကို မထိန်းမအုပ်နိုင်အောင် စိတ်လှုပ်ရှားစေ၍ ယခုကဲ့သို့ စွတ်စွတ်ရွတ်ရွတ် လုပ်ဖြစ်အောင် ပို့ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကျောင်းသားတို့၏စိတ်အား ပုန်ကန်ထကြွမှုသည် မစ္စတာမက်ဟန်တား၏ ဖိနှိပ်ရေးကို မုန်တိုင်းပမာ တိုက်ခိုက်ကြသော လူကြီးတို့၏ အပြောအဟောများနှင့် အတွင်းကျိတ် ဆက်သွယ်လျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံး ကူးစက်တောက်လောင်လျက်ရှိသော မီးကြီးမှာ သေနတ်ယမ်းကို လူကြီးများက ပုံပေးပြီးနောက် ကောလိပ်ကျောင်းသားများက မီးတို့ခြင်းသာဖြစ်ပါသည်။

mgyoe.com

mgyoe.com

ကောလိပ်ကျောင်းသားတို့ တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ကြသော အခါ အစိုးရ၏ စိတ်သဘောထားကို ကောင်းစွာသိပါသည်။ အစိုးရအနေဖြင့် မည်သည့်အရေးအခင်းတွင်မှ အလျှော့ပေးသည်ဟု မရှိပါ။ သို့သော် ကျောင်းသားများဘက်မှ မိမိတို့၏ ခေါင်းဆောင်များကို အကြွင်းမဲ့ယုံလျက် တောင့်တောင့်တင်းတင်း အမာခံအနေဖြင့် မြန်မာအမျိုးသားများ အစီအရီ ရှိနေပါသည်။ တစ်မျိုးသားလုံး၏ စုပေါင်းခွန်အားကို ဖိ၍သုံးလျှင် အောင်ပွဲလက်ဝယ် ရရှိတော့မည်ဟု သူတို့ ထင်လျက်ရှိသည်။ ကျောင်းသားဆိုသည်မှာလည်း အစိုးရက တင်းလေ နောက်မဆုတ်တမ်းတိုးလေဟူသော အစားဖြစ်သည်။ တစ်နိုင်ငံလုံးတွင် လွှမ်းမိုးသွားသော စိတ်ဓာတ်၏ ဒီရေအဟုန် ပြင်းထန်ခြင်းနှင့်အတူ ငွေကြေးဝတ္ထုပစ္စည်းများ အထင်အရှား စုပေါင်းရောက်ရှိလာသဖြင့် ကျောင်းသားများဘက်မှ စိတ်ဓာတ်အောင်ပွဲရလျက် ရှိပါသည်။ ယခုမှ နောက်ဆုတ်လျှင် တားမနိုင်ဆီးမရ ဒလဟော ပျက်စီးကျဆင်းဖို့သာရှိပါသည်။

မစ္စတာမက်ဟန်တားကို ယုံ၍ သို့မဟုတ် ကြင်နာရက်ရောပါသည်ဟု ဆိုသည်ကို ယုံရန်ခက်သည်ဟုဆိုမိလျှင် ကျွန်တော်တို့ဘက်က အပိုအမို ပြောလွန်းသည်ဟု ဆိုကြမည်လော။ ဆီးနိတ်သဘင်တွင် ကျောင်းသားများနှင့် သော်လည်းကောင်း၊ တာဝန်လွှဲအပ်ထားသော သူတို့၏ ကိုယ်စားလှယ်နှင့် သော်လည်းကောင်း၊ ဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးခြင်းမပြုနိုင်ဟု သူကြေညာသည်မှာ မြန်မာလူငယ်တို့၏ အစွဲအလမ်းနှင့် မျှော်မှန်းချက်တို့အပေါ်၌ သက်ညှာခြင်း လုံးဝမရှိ၊ ခက်ထန်သော သဘောသာရှိကြောင်း ထင်ရှားလှပါသည်။ အော့ဖ်ဇားဗား၏ အယူဝါဒကလည်း အခြေအနေကို သုံးသပ်ရာ၌ ပြည်ပိုင်အစိုးရမင်းတို့၏ တန်ခိုးသြဇာမှာ အံ့ဘနန်းကြီးကျယ်၍ ကျောင်းသားလှုပ်ရှားမှု၏အားမှာ ကြီးသယောင်နှင့် အမှန်ကြီး၏လောဟူသော သံသယကိုဖော်ပြပါသည်။

ငြိမ်းချမ်းရေးလမ်းကို ပြပါသည်ဟုဆိုသော်လည်း မြန်မာလူငယ်တို့ ထာဝစဉ် ခေါင်းမဖော်ဝံ့အောင် အမျိုးသားစိတ်ဓာတ်ကျဆင်းလျက် ဂုဏ်သိက္ခာကင်းမဲ့သည့် လမ်းကိုညွှန်နေခြင်းဖြစ်ပါသည်။

☐

mgyoe.com

mgyoe.com

# (၉) သပိတ်မှောက်ကျောင်းသားများနှင့် အကျိုးလိုလားသူများ

၁၉၊ ဒီဇင်ဘာ၊ ၁၉၂၀။

"အကျိုးလိုလားသူတို့" က "သပိတ်ကျောင်းသားတို့ကို ပေးသောအကြံဉာဏ်" ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းသဘောကို ထုတ်ပြန်ကြေညာလျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ ကောင်းသည်။ ကျွန်တော်တို့ ကောလိပ်နှင့် ကျောင်းစာသင်ခန်းများကို စွန့်ခဲ့သဖြင့် (သူတို့အထင်) ဉာဏ်ပညာ အငတ်ဘေးကြီး ဆိုက်ရောက်နေသည်ကို ကယ်ဆယ်လိုသည်ဆိုသော အချက်တို့ကို ကျွန်တော်တို့ ယုံသည်။ သို့သော် ကျွန်တော်တို့ "အကျိုးလိုလားသူများ" နှင့် ကျွန်တော်တို့သည် အကောင်းဆုံးကိုသာ ရယူလိုခြင်းဖြစ်သော ရည်မှန်းချက်ချင်း တူသော်လည်း လုပ်ဆောင်နည်း ပန္နက်ရိုက်ပုံစံမတူ။ ယင်းသို့ မတူသည်ကိုလည်း ခွင့်လွှတ်စေချင်ပါသည်။ မြန်မာနိုင်ငံ လူအများရှေ့တွင် အစိုးရက ငါတို့အနေဖြင့် သင့်လျော်သည်ဟု ထင်သဖြင့် ပြုလုပ်ပေးသောကိစ္စကို လက်ခံကြဆိုသည့် တစ်ချက်လွှတ်အမိန့်အာဏာထား၍ နှိပ်ကွပ်သည်ကို ခေါင်းငုံ့ခံသော မြန်မာလူငယ်မျိုးချစ်ကျောင်းသားများ မဟုတ်ပါဟု ထင်ရှားအောင် ပြခဲ့ပြီးပါပြီ။ ယင်းသို့သော စိတ်ဓာတ်ကို ဖော်ထုတ်ပြသရာ၌ ကျွန်တော်တို့ဘက်မှ စိတ်ဓာတ်အရ အောင်ပွဲရခြင်း ဖြစ်သည်ဟု ဆိုခြင်းကို ထိုမျှမဖြစ်နိုင်ဟု ဆိုပါလျှင် စိတ်မပါတပါ တိုက်ပွဲဝင်သူများသာ ထောက်ခံလျက် အများက လိုက်၍ပြောမည့် စကားမျိုးမဟုတ်ချေ။ အချောင်သမားအချို့ကသာ ကျွန်တော်တို့၏ ကိုယ့်သိက္ခာကိုယ်

mgyoe.com

mgyoe.com

ထိန်းသိမ်းသောအစွဲကို နှိမ်လို၍ ဤစကားမျိုး ပြောပါသည်။ ယခု အခြေရောက်မှ စိတ်မာန်လျှော့ရလျှင် အမျိုးသားစိတ်ဓာတ်ကြီး နိုးကြားလာခြင်းကို ချေမှုန်း၍ သုံးသော လက်နက်များအနက် အညံ့ဆုံးလက်နက်ဖြစ်သော ခြိမ်းခြောက်ကာမျှဖြင့်ပင် ပျောက်လွင့်စေပြီဟု အကဲ့ရဲ့သာ ခံရချေတော့မည်။ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျွန်တော်တို့ မုန်းသည်။ ကျွန်တော်တို့စိတ်ထားကို အနည်းငယ်မျှမငဲ့မူ၍ ထိုဥပဒေကို အတင်းအကျပ် အတည်ပြုလိုက်ခြင်းကိုလည်း ကျွန်တော်တို့ မည်သို့မျှ ကျေနပ်၍မရပါ။

ရန်ကုန်တက္ကသိုလ်ဥပဒေကို လိုအပ်သော အချိန်မျှ မစောင့်။ အလောတကြီး ပြဋ္ဌာန်းအတည်ပြု လိုက်နာစေခြင်းမှာ ကျောင်းသားတစ်ဦးစီ၏ ကျောင်းသက် တစ်နှစ်တာတွင် (စာမေးပွဲနီးကပ်သဖြင့်) မလှုပ်ရှားဝံ့သော ကာလမျိုးကို မှန်းရွေး၍ ပြုလုပ်ခြင်းဖြစ်ပါ၍ ၎င်းတို့၏ စိတ်ယုတ်ကို အကောင်းဆုံး ထင်ရှားစေသော အချက်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ကို တက္ကသိုလ်ပြန်၊ ပြင်စရာရှိလျှင် အတွင်းကတိုက်ဟု အတင်းအကြံပေး တိုက်တွန်းနေကြပြီ။ အတွင်းစက်လှည့်တဲ့အခါ အင်တိုက်အားတိုက် ငါတို့ကူညီမည်ဟုလည်း ဝန်ခံစကားပြောပါသေးသည်။ ကျွန်တော်တို့ စောစောပိုင်းက ဤလုပ်ထုံးမျိုးကို လိုက်သင့် မလိုက်သင့် အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။ သို့သော် လျှမ်းလျှမ်းတောက် အောင်မြင်နိုင်ရန် ယခု အခိုက်အတန့်၌ အဆိုပါ "မြို့အုပ်ထုတ်လုပ်ပေးသော စက်ရုံ"နှင့် ဝေးဝေးကွာကွာနေလျက် ပြည်သူတို့နှင့်သာ အကျိုးအပြစ်အတူတကွ စံရခံရအောင်နေလျက် ကျွန်တော်များဘက်မှ အများအကျိုး လုပ်နိုင်စရာရှိသမျှကို အစွမ်းကုန် လုပ်ဆောင်ပေးရန်သာရှိသည်ဟု ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် အရှင်အစိုးရမင်းတို့ထံသို့ အသနားခံလွှာတင်ခြင်း လုပ်ထုံးကို ကျွန်တော်တို့ မယုံကြည်။ မိမိကိုယ်ကို၊ အနစ်နာခံစရာရှိလျှင် ခံမည်ဟု ပြသပြီးကြပါပြီ။ "အကျိုးလိုသူ"ဟု နာမပညတ်ရှိသောသူများကသာ ဘယ်ဘဝရောက်ရောက် ပစ်၍ မပြေးပါဟူသောသစ္စာဖြင့် နောက်ဆွယ်က အထောက်အခံအဖြစ်ဖြင့် စုပေါင်းရပ်တည်ရန်သာ လိုပါသည်။ ယခုအရေးသည် ကျွန်တော်များအဖို့ နောက်ထပ်တစ်ခါ မပေါ်နိုင်သော အခွင့်အရေးဖြစ်တော့သည်။

ကျောင်းသားတို့သည် ဥပဒေ၏ တင်းမာသောသဘောဖြင့် ချိုးနှိမ်သည့်တိုင်အောင် မယိမ်းမယိုင် ရှိကြလျက်၊ အနစ်နာကြီးစွာခံလျက် သပိတ်မှောက်အလံတော်အောက်သို့ ဝင်လာကြပါသည်။ ကျွန်တော်တို့ မကြောက်။ ကျွန်

mgyoe.com

mgyoe.com

တော်တို့ တစ်ဖက်မှ အစွမ်းကုန်အနစ်နာခံနေသည်ကို တခြားတစ်ဖက်ဖြစ်သော အာဏာပိုင်တို့က သတိပေးခြင်း၊ ခြိမ်းခြောက်ခြင်း ပြုသည်ကိုသာ ခံရသည်ဆိုလျှင် ယန္တရားတစ်ခုလုံးကို အာဏာပိုင်မျိုး အုပ်ချုပ်လျက်ရှိသည့် ကောလိပ်သို့ မည်သည့်အခါမျှ မပြန်တော့ပါဟု ဆုံးဖြတ်ကြပါသည်။

သပိတ်မှောက်သည့် လက်နက်ကို သုံးစွဲ၍ သပိတ်မှောက်ခြင်း ပျံ့နှံ့ပြီးခါမှ စေ့စပ်ဖျန်ဖြေရေးအစီအစဉ်များ ကြံဆသတ်မှတ်၍ အလွန်နောက်ကျသွားပြီဟု ဆိုရပါမည်။ မြန်မာလူငယ်အပေါ်၌ စေတနာထားရှိးမှန်ပါလျှင် ထိုလူငယ်တို့ပင်လျှင် မြန်မာနိုင်ငံ၏ ကံကြမ္မာကိုဖန်တီးလျက် အကောင်းဘက်သို့ ဖြစ်စေ၊ အဆိုးဘက်သို့ဖြစ်စေ ပို့နိုင်မည့်သူများဖြစ်သောကြောင့် အမျိုးသားကျောင်းကဲ့သို့သော အဖွဲ့အစည်းမျိုးကိုသာ ထူထောင်၍ အားပေးသင့်လှပါသည်။ အိန္ဒိယသည် လူးရင်းလှိမ့်ရင်း၊ ဘေးဒုက္ခအထွေထွေ ခံစားရင်း ရှေ့ကလမ်းပြလျက်ရှိပါသည်။ သရာဇဟူသော လှုံ့ဆော်ချက်ပြီးသည့် ကာလမှစ၍ အမျိုးသားအဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တစ်ဖက်မှ စံနမူနာများကို ကျွန်တော်တို့ မျှော်မှန်းကြည့်ကြရပါမည်။ မြန်မာနိုင်ငံက ပြသထားသောနည်းကို နှစ်သက်လျှင် ယူရန်သာရှိပါသည်။

မြန်မာနိုင်ငံက အော်ဟစ်ငိုယို၍ တောင်းခံရမည့် အလွန်အရေးကြီးသော အကြောင်းချင်းရာကို တောင်းရကောင်းမှန်းပင် မသိပါလျှင် ဝမ်းနည်းရမည်သာ ဖြစ်ပါသည်။ အိန္ဒိယ၌ ထိုအဖွဲ့အစည်းမျိုးသည် မှိုပေါက်သလိုပင် လွယ်လွယ်ပေါ်လာ၏။ ကျွန်တော်တို့ နိုင်ငံမှာကား ယခု ကျွန်တော်တို့က မြေယာကို ထွန်ယက်ပြင်ဆင်၍ထားပြီးပါပြီ။ မျိုးစေ့ချ၍ စိုက်ကြပါခင်ဗျား။

ကန့်ကွက်ကြသည့် မုန်တိုင်းကြားမှပင် ဥပဒေသည် ဇွတ်တရွတ်ပေါ်လာသဖြင့် ယောကျ်ား-မ စစ်သကဲ့သို့ နုံနေသော လူညံ့လူဖျင်းတို့၌ ကျန်တတ်သမျှသော သတ္တိငွေ့ငွေ့ကို မီးတောက်မီးလျှံဖြစ်လာအောင် လုပ်လိုက်သကဲ့သို့ပင် ဖြစ်ပါသည်။ လူကြီးတို့က အုတ်မြစ်ချပေးသည့်အပေါ်တွင် ကျွန်တော်တို့က အဆောက်အအုံဖြစ်အောင် ကြိုးစားထူထောင်နေပါပြီ။ ထို့ကြောင့် နာရီလက်တံနောက်ပြန်ဆွဲသကဲ့သို့ ယခင်က မလုပ်လို၍ မလုပ်ခဲ့သောကိစ္စကို ယခုမှ ပြန်၍ လုပ်ပါဟု တိုက်တွန်းခြင်းသည် မသင့်လျော်သော အကြံဉာဏ်သာဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

## (၁၀) သပိတ်မှောက်ကျောင်းသားတို့၏သွင်းစာ

၁၉၊ ဒီဇင်ဘာ၊ ၁၉၂၀။

အောက်ပါပြီးခဲ့သော အမှုကိစ္စကို အမှတ်ရစေကြောင်း မော်ကွန်းထိန်းမှ တစ်ဆင့် အဓိပတိထံသွင်းစာကို ရေးသားတင်သွင်းသူတို့မှာ ရန်ကုန်နှင့် ယုဒသန်ကောလိပ် သပိတ်မှောက် ကျောင်းသားများဖြစ်ပါသည်။ သွင်းစာကို ရေးသားသူတို့မှာ ရန်ကုန်ရှိ အထက်ဖော်ပြပါကောလိပ်တို့၏ ကျောင်းသားများဖြစ်၍ အဓိပတိရှေ့မှောက်၌ ရန်ကုန်တက္ကသိုလ်ဥပဒေ အတည်ပြုသည်မှစ၍ ပေါ်ပေါက်လာသောအချက်များစွာနှင့် ယင်းအကြောင်းချင်းရာတို့ ပေါ်ပေါက်သဖြင့် ဝမ်းနည်းဖွယ်ကိစ္စများဖြစ်ရသည်ကို တင်ပြလိုပါသည်။ ဥပဒေကိုအတည်မပြုမီက ထိုဥပဒေနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းခြင်း၊ ဆွေးနွေးခွင့်ပြုခြင်းစသဖြင့် တစ်စုံတစ်ရာမျှသော အခွင့်အရေး မရှိခဲ့ပါ။ တိုင်းနေပြည်သူတို့က ထိုဥပဒေနှင့် ပတ်သက်၍ မိမိတို့၏ အယူအဆကို တညီတညွတ်တည်း ပွင့်ပွင့်လင်းလင်း တင်ပြချက်တို့ကို ထိုဥပဒေပြုရာတွင် နောက်ဆုံးအဆင့်မရောက်မီ အရေးတယူ စဉ်းစားလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ပါသည်။ မျှော်လင့်ချက်မှာ အချည်းနှီးဖြစ်ကြောင်း တွေ့ရပါသည်။

ယခုသွင်းစာကို ရေးသည့်သူများသည် ရန်ကုန်တွင်ရှိသော ကောလိပ်နှစ်ခုမှ ကျောင်းသားအများစုကို ကိုယ်စားပြုသူများဖြစ်၍ ထိုသူတို့သည် ပြည့်ပြည့်စုံစုံ ဆွေးနွေးကြ၍ လေးလေးနက်နက် ဖော်ထုတ်လိုက်ကြသော နိဂုံးစကားမှာ အောက်၌ တွဲဖက်စာ (က) ဖော်ပြထားသော ကန့်ကွက်ချက်တို့ကို ငုံမိအောင် ယခုအခါမှစ၍ အဆိုပါဥပဒေကို အလျင်အမြန် ပြန်လည်သုံးသပ်

mgyoe.com

mgyoe.com

ပေးပါဟူ၍ ဖြစ်ပါသည်။ တွဲဖက်ဖော်ပြထားသော ကန့်ကွက်ချက်တို့ကို သင့်တင့်လျောက်ပတ်သလို အဓိပတိက စဉ်းစားဆုံးဖြတ်ပေးပါလိမ့်မည်ဟု စာသွင်းသူတို့က ဆုတောင်းလျက်ရှိကြပါသည်။

## တွဲဖက်စာ (က)

၁။ တက္ကသိုလ်ကို ကျောင်းသားတိုင်း အဆောင်နေရမည်။ တပေါင်းတစ်ဖွဲ့တည်း အုပ်ချုပ်မည်။ အစိတ်အပိုင်းခွဲခွင့် မရှိဟူသော အချက်များကြောင့် ကျောင်းသားဘက်ကကြည့်လျှင် စရိတ်ကြီးမည်ဖြစ်၍ ခက်ခဲသည်။ ရန်ကုန်တက္ကသိုလ် ပညာရေးဟူသည် ငွေကြေးပြည့်စုံ ကုံလုံသောမိဘ သို့မဟုတ် အုပ်ထိန်းသူများရှိပါမှ ဤမျှ စရိတ်အကုန် အကျကြီးသော အထက်တန်းပညာကို လိုက်စားနိုင်မည်ဖြစ်ပါသည်။ ငွေမရှိသော ပြစ်မှုရှိလျှင် ထိုပညာကို မရဟူသော ဒဏ်ကိုခံစားရမည်။ အစိတ်အပိုင်းခွဲသောစနစ်တွင် ညံ့ဖျင်းသော အချက်များပါရှိ သည်ကို ဝန်ခံပါသည်။ သို့သော် အဆောင်မှာသာနေရမည်ဟူသော စနစ်၌မူ အကောင်းထက် အဆိုးက ပိုသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤတိုင်းပြည်၌ နေကြသော တိုင်းသူပြည်သားတို့၏ ပျမ်းမျှဝင်ငွေမှာ နည်းလှသဖြင့် ကျောင်းသားမိဘများဆင်းရဲကြရာ ယခု ကျင့်သုံးဆဲ အစိတ်အပိုင်းခွဲ၍ ထောင်ထားသော ကောလိပ်စနစ်အရပင် စရိတ်မခံသာအောင် ရှိနေပါသည်။

၂။ တက္ကသိုလ်ဝင် အရည်အချင်းစစ်ဆေးသောအခါ အင်္ဂလိပ်ဘာသာနှင့် အခြားတစ်ဘာသာ ကျွမ်းကျင်ရန်လိုသည်ဟု ကန့်သတ်သဖြင့် မြန်မာနှင့် အိန္ဒိယအမျိုးသားတို့တွင် ဘာသာခြားစကားတစ်ခု သင်ရမည်ဖြစ်၍လည်းကောင်း၊ မိမိတို့ဘာသာစကားနှင့် သင်ကြားပို့ချခြင်းမခံရသဖြင့်လည်းကောင်း၊ ထိခိုက်နစ်နာမည်ဖြစ်ပါသည်။

၃။ အကြိုသင်ရိုးတစ်ခု တိုးပွားလာပြန်သဖြင့် မလိုလားအပ်ဘဲ စာသင်နှစ်ပိုလျက် ယခုအခါမှာပင် ကြီးလေးလှပြီဟု ထင်မှတ်ရသော စာသင်စရိတ်သည် ပို၍ပင်လာချေဦးမည် ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာညံ့မည်ကို ကာကွယ်ရန် စွန့်စား၍ တင်ပြလိုကြသည်မှာ ကျောင်းများ၌ ဆရာကောင်း မရမရှိစေရအောင် ရှာဖွေခန့်ထားစေကာ သင်ပြနည်းလည်းကောင်းစေ၊ လိုအပ်လျှင် အတန်းတင်ပေးရာ၌လည်း ယခုထက်

mgyoe.com

mgyoe.com

ပို၍ တင်းကျပ်စေဟူသော နည်းလမ်းများတို့ကိုသုံးလျက် စာပေကန့်သတ်ချက်ဖြင့်သာ အထက်တန်းများနှင့် မသင့်တော်လျှင် မတက်စေနှင့်ဟု သတ်မှတ်သင့်ပါသည်။

၄။ ကောလိပ်ဌာန၌ နှုတ်မေးပွဲလိုတော့မည် မထင်ကြောင်း တင်ပြလိုပါသည်။ အခြားတက္ကသိုလ်များ၌ ဤနည်းကို ကျင့်သုံးကြည့်ရာ ကျေနပ်ဖွယ်မရှိကြောင်း တွေ့ရပါသည်။ သက်မွေးမှုပညာအချို့အတွက် လိုအပ်သော လက်တွေ့စာမေးပွဲကို မဆိုလို၊ တသီးတခြား ဖြစ်ပါသည်။

၅။ ရိုးရိုးဘွဲ့ရသူတစ်ဦးကို မဟာဝိဇ္ဇာဘွဲ့အတွက် ကြိုးစားသင်ကြားခွင့် မပေးဘဲထားရန် ခိုင်လုံသော အကြောင်းမရှိဟု ထင်ပါသည်။ ဘွဲ့ကြီးအတွက် မသင့်တော်သူဖြစ်ပါလျှင် စာမေးပွဲရှုံးလိမ့်မည်။ သို့သော် ဝိဇ္ဇာသာမန်ဘွဲ့ ဖြေဆိုအောင်မြင်ခဲ့သူတစ်ဦးကို ယင်းအပြစ်တစ်ခု တည်းကြောင့်သာ မဟာဝိဇ္ဇာဘွဲ့အတွက် စာမေးပွဲမဖြေရဟု တားမြစ်ခြင်းပြုရန် အကြောင်းမရှိဟု တင်ပြပါသည်။

၆။ အထက်ဖော်ပြပါ ဥပဒေများ တင်းမာပြင်းထန်သည်ဟု ယူဆရန်ဖြစ်ပေါ်စေသော နောက်ထပ် ဥပဒေတစ်ခုမှာ ဂုဏ်ထူးတန်းကျောင်းသားသည် ဂုဏ်ထူးဘွဲ့အတွက် စာမေးပွဲကို တစ်ကြိမ်တစ်ခါသာ ဖြေဆိုခွင့်ပြုခြင်းပင်ဖြစ်ပါသည်။ စာမေးပွဲကျရှုံးသည်ဆိုရာဝယ် မတော်တဆချွတ်ယွင်းချက်တစ်ခုကြောင့် ကံမကောင်းသဖြင့် ဖြစ်ရသည်လည်းရှိရာ ကျောင်းသားအဖို့ ဘဝလမ်းခရီးတွင် တစ်ခါမျှကျရှုံးရုံဖြင့် တိုးတက်ရန်လမ်းပိတ်သွားပါသည်။

၇။ မဟာဝိဇ္ဇာဘွဲ့အတွက် ဝင်ရောက်ဖြေဆိုသူသည် ဒုတိယ သို့မဟုတ် နောက်ဆက်တွဲ ဖြေဆိုခြင်းများကြောင့် စာမေးပွဲအောင်မြင်ပါလျှင် အဆင့်ခွဲ၍ ဖော်ပြသင့်ပါသည်။

၈။ ဥပစာအဆင့် စာမေးပွဲအောင်မြင်ပြီးနောက် အများဆုံး သုံးနှစ်ကြာသောအခါမှ ဂုဏ်ထူးဘွဲ့အတွက် စာမေးပွဲစစ်မေးခြင်းမှာ အလွန်ပြင်းထန်သည်ဟု ထင်ပါသည်။ ခိုင်လုံသောအကြောင်းပြချက်များဖြင့် ဤသို့ကန့်သတ်၍ ထိုသတ်မှတ်သော ကာလမတိုင်မီ စာမေးပွဲဖြေခွင့်မပေးဟုဆိုသော်လည်း ဤနည်းဖြင့် မနှိပ်ကွပ်သင့်ဟု တင်ပြပါသည်။

mgyoe.com

mgyoe.com

၉။ ထို့အတူ (ဘားမားဂေဇက်။ ၄၊ ဒီဇင်ဘာ၊ ၁၉၂၀။ အခန်း (၆) ပိုဒ်ကြီး (၂) ပိုဒ် ငယ် (၁၃) အရ) မဟာဝိဇ္ဇာဘွဲ့အတွက် အချိန်ကန့်သတ်ခြင်းကို ပယ်ဖျက်ပါရန် တင်ပြပါသည်။

၁၀။ သိပ္ပံ (ရိုးရိုးနှင့် ဂုဏ်ထူး) ဘွဲ့အတွက် အင်္ဂလိပ်ဘာသာစာစီစာကုံး မေးခွန်းလွှာကို ဖြေဆိုင်းရန်လိုအပ်မည်မထင်ကြောင်း တင်ပြပါသည်။ တိုင်းပြည်၏ အကျိုးငှာ သိပ္ပံပညာပျံ့နှံ့စေလိုခြင်းဖြစ်သည်ဟု သိပါသည်။ ပြဌာန်းစာအုပ်ကို ဖတ်ရန်နားမလည်သူသည် စာမေးပွဲကျရှုံးမည်ဖြစ်သည်။ သိပ္ပံကျောင်းသား၏ ထူးခြားချက်မှာ သိပ္ပံပညာကို တတ်ကျွမ်းခြင်းဖြစ်၍ အင်္ဂလိပ်သို့မဟုတ် အခြားဘာသာတစ်ခု တတ်သိခြင်းမဟုတ်ဟု တင်ပြပါသည်။

၁၁။ (တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ)နှင့် ဆီးနိတ်ဖွဲ့စည်းပုံကို ပြန်လည်စဉ်းစားပေးပါရန် လေးစားရိုသေစွာ တင်ပြပါသည်။ သို့မှသာ အယူအဆစုံအောင် လူတန်းစားစုံအောင် ပါဝင်မည်ဖြစ်ပါသည်။ ထို့ပြင် ကောင်စီအဖွဲ့ဝင်များအနက် ကျောင်းသားကိုယ်စားလှယ်များ ပါဝင်နိုင်အောင် ပြုပြင်ပါရန်တင်ပြပါသည်။

၁၂။ ယခုအခါ အများဆန္ဒအတိုင်း ဆောင်ရွက်ရသောထုံးနည်းများ တွင်ကျယ်လာပြီဖြစ်၍ ဒုတိယ အဓိပတိ၊ တွဲဖက် ဒုတိယအဓိပတိနှင့် တက္ကသိုလ်ပါမောက္ခများကို နောက်ဆုံးအဓိပတိ၏ ဗီတိုဖြင့် ပြင်ဆင်ခွင့်ထားကာ ဆီးနိတ်က ရွေးချယ်တင်မြှောက်ပါရန်နှင့် ယင်းတို့ကို ယခုအခါမှာကဲ့သို့ အဓိပတိကတိုက်ရိုက်ရွေးချယ်ခန့်ထားခြင်း မပြုရန် တင်ပြပါသည်။

၁၃။ အထူးသဖြင့် အင်္ဂလန်နှင့် အိန္ဒိယတွင် လိုက်နာကျင့်သုံးလျက် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များစွာ၌ ကျင့်သုံးလျက်ရှိပါသောစာမေးပွဲကို အခန်းကန့်ပေးသော စနစ်ကို လိုက်နာကျင့်သုံးရန် ဥပဒေသတ်မှတ် ချက်ရှိသင့်ကြောင်း တင်ပြပါသည်။

၁၄။ ဥပဒေသင်တန်းသားများကို နံနက်ကာလ၌သာ သင်တန်းပြုလုပ်ပေး၍ ဥပဒေသတ်မှတ်ချက်ထားပါရန် တင်ပြပါသည်။

၁၅။ ကောလိပ်တွင် လာရောက်သင်တန်းမတက်ဘူးသော်လည်း ကိုယ့်ဖာသာ လေ့လာထားသူများကို တက္ကသိုလ်စာမေးပွဲ ဝင်ရောက်ခွင့် ပြုသော ဥပဒေသတ်မှတ်ချက်ထားပါရန် တင်ပြပါသည်။

mgyoe.com

mgyoe.com

၁၆။ ယခုစာကို ရေးသားတင်သွင်းသူများသည် သွင်းစာပါ လိုလားချက်တို့ကို ဆင်ခြင်လျက် သင့်တင့်လျော်ကန်သမျှ ပြင်ဆင်မပေးမချင်း သင်တန်းများ ပြန်လည်တက်ခြင်း မပြုဟုတင်ပြပါသည်။

ဘဦး
ကောလိပ်သပိတ်မှောက်
ကျောင်းသားများကိုယ်စား။

❑

mgyoe.com

mgyoe.com

# (၁၁) ထပ်မံငြင်းဆိုချက်များ

## ၂၀၊ ဒီဇင်ဘာ၊ ၁၉၂၀။

မကြာမီက ခေတ္တအလည်ရောက်လာသော ကာနယ်ဝက်ဂျဝတ် နှုတ်ထွက်စကားစစ်စစ်ဖြစ်လျက် အဓိပ္ပာယ်အယူအဆ လွဲလောက်အောင် ကောက်ယူရေးသားရာ၌ သူရိယကဲ့သို့ လူကြိုက်များသော မြန်မာနေ့စဉ်သတင်းစာပင် ပါဝင်နေသည်ကို တွေ့ရသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်ပါတော့သည်။ ဖော်ပြပါ ပုဂ္ဂိုလ်ကြီးသည် ကျောင်းသားများနှင့်သာ သီးခြားသန့်သန့် တွေ့ဆုံလိုကြောင်း ပြောသည်ကို မှတ်မိကြပါလိမ့်မည်။ ယုံမှတ်သဖြင့် ပြောခဲ့သော စကားကို စည်းဖောက်၍ မည်သည့်စကားတို့ကို ပြောသွားပါသည်ဟု ယခုဖွင့်ဟရေးသင့်သည်တော့ မဟုတ်ပါ။ သို့သော် ထိုပုဂ္ဂိုလ်သည် သူ၏အခြေအနေနှင့် ဆီလျော်သော သဘောထားပါသည့် စကားတို့ကိုသာ ပြောပါသည်ဟူ၍ကား ကျွန်တော်တို့က ပြောခွင့်ရှိသည်ဟု ထင်ပါသည်။ ကာနယ်ဝက်ဂျဝတ်က အချို့သတင်းများ၌ပါသကဲ့သို့ ကျောင်းသားများ အလုံးအရင်းဖြင့် ကောလိပ်နှင့် ကျောင်းများကို ပြန်တက်ကြဟု တစ်လုံးတပါဒမျှ မပြောချေ။ လူပုဂ္ဂိုလ်တစ်ဦးချင်းတွင် ရှိနေသော သပိတ်မှောက်ကိစ္စဆိုင်ရာ အယူအဆကို လိုသလိုဆွဲ၍ တစ်မျိုးတစ်မည်ဖြစ်အောင် ဖန်တီးပြီးမှ ကာနယ်ကိုယ်တိုင် ပြောစကားဖြစ်သယောင်ယောင် ပြည်သူတို့ထံတင်ပြခြင်း မပြုသင့်ချေ။ ယခုကဲ့သို့ သူရိယက မဟုတ်မမှန် လီဆယ်ရေးသားသဖြင့် အချို့အုပ်စုတွင် လှုပ်လှုပ်ရှရှ မည်သို့ဖြစ်သည် ကို ကျွန်တော်တို့ သိပါသည်။ ယခုကဲ့သို့ အထင်လွဲမှားအောင် ဖော်ပြရေးသားထားသည်ကို အလျင်စလို လိုက်၍မဖြေရှင်းခြင်းမှာ ယခုကဲ့သို့ "လျှပ်တစ်ပြက်" တိုက်ခိုက်ခြင်းများသည် ကျောင်းသား

mgyoe.com

mgyoe.com

တို့ ကယောင်ကတမ်း တစ်ရှူးထိုး လုပ်တတ်သော အကျင့်မှပေါ်လာသော အပြုအမူများ မဟုတ်မူ၍ အမှန်တကယ် မကျေနပ်ချက်ကို မြိုသိပ်ရလွန်းသဖြင့် နောက်ဆုံး ပေါက်ကွဲရခြင်းဖြစ်သည်ဟု ကမ္ဘာက သိစေချင်သဖြင့်သာ ဖြစ်ပါသည်။ ယခုကဲ့သို့ အမြင်မှန်ရအောင် အခြေအနေကို ရှင်းပြီးနောက် အနာဂတ်ကာလတွင် ကျွန်တော်တို့၏ မြန်မာသတင်းစာများသည် ယခင်ရှိပြီး ဂုဏ်သတင်းမကျဆင်းလိုပါလျှင် ပို၍သမာဓိကို ထိန်းလျက် ဘက်မလိုက် ဝါဒဖြင့် ရေးသားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကြုံကြိုက်သဖြင့် တစ်ပါတည်း သတိပေးစကားတစ်ခု ပြောကြားလိုသည်မှာ သပိတ်မှောက်ရာတွင် ပါဝင်ပြီးဖြစ်သော အနယ်နယ်အရပ်ရပ်မှ သပိတ်မှောက်ကျောင်းသားများသည် ကျွန်တော်တို့၏ လက်ငင်းသဘောထား ခြေလှမ်း စသောအထွေထွေ အခြေအနေ သတင်းကိုသိရန် ယခု သတင်းကော်လံကို စောင့်ဖတ်ကြရန် နှိုးဆော်လိုက်ပါသည်။ သွင်းစာဖြင့် အာဏာပိုင်တို့ထံ ကျွန်တော်တို့၏ နစ်နာချက်တို့ကို ပြင်ဆင်ပေးပါရန် တင်ပြထားရာ ယင်းတို့ကို ကျေနပ်လောက်အောင် ပြင်ဆင်၍ မပေးမခြင်း ကောလိပ်သို့ ပြန်၍ မတက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။ အာဏာပိုင်တို့ကား ခေါင်းမာမြဲမာလျက်ရှိကြပါသည်။ ၂၃၊ ဒီဇင်ဘာ၊ ၁၉၂၀ ကို အဆုံးအဖြတ်ပေးမည့်နေ့ဟု သတ်မှတ်ထားပါသည်။ ကျွန်တော်တို့၏ လိုလားချက်မရလျှင် (အသစ်ဖွင့်မည့်) တက္ကသိုလ်ကိုလည်း သပိတ်မှောက်မည်ဟု ကျောင်းသားတို့ထံမှ ကတိခံဝန်ချက်ရထားပြီးဖြစ်၍ ကောလိပ်နှင့် ကျောင်းသပိတ်မှောက် ကျောင်းသားအများသည် ထိုရက်အတွက် အထူးစိုးရိမ်ပူပန်၍ နေရန်မလိုကြောင်း ရှင်းလင်းပြောပြလိုက်ပါသည်။ ကျွန်တော်တို့အားလုံးပင် ကျွန်တော်တို့စိတ်ကြိုက်ရောက်အောင် အာဏာပိုင်တို့ လိုက်လျောခြင်းမပြုသမျှ ဘယ်တော့မှ ကျောင်းပြန်မတက်ဟု တင်းတင်းမာမာ ကတိပြုလျက် ကိုယ့်ကတိကို ကိုယ်မြတ်နိုးလေးစားစွာ ထိမ်းသိမ်းမည်ဟု အဓိဋ္ဌာန်ပြုပြီးဖြစ်ပါသည်။ အဆိုပါရက်ကို စိတ်ငြိမ်ငြိမ်ဖြင့် စောင့်မျှော်နေချိန်အတွင်းဝယ် ကျွန်တော်တို့သည် ကျောင်းသားငယ်တို့ကို သင်ခန်းစာပေးလျက် စာသင်ကြားပို့ချနေကြပါသည်။ မိဘနှင့်အုပ်ထိန်း သူတို့ ကျေနပ်ကြရလေအောင် ပညာရေး၌ အလေအလွင့် မရှိရေးကို နည်းစနစ်များ ထုတ်ကာလိုက်နာဆောင်ရွက်နေကြပါသည်။ ချိန်းသော ထိုရက်လွန်လျှင် မြန်မာနိုင်ငံလုံးဆိုင်ရာသပိတ်မှောက်ကျောင်းသားတို့၏ ကွန်ဖရင့်ခေါ်ယူ၍ သပိတ်မှောက်ကျောင်းသား အစုံအလင်တက်ရောက် လာကြသောအခါ ကျွန်တော်တို့အားလုံး၏ အပြန်အလှန် ကောင်း

mgyoe.com

mgyoe.com
ကျိုးကို ရှေးရှုလျက် မည်သို့ဆက်လက်ဆောင်ရွက်သင့်ကြောင်းများကို ဆွေးနွေးဆုံးဖြတ်ကြပါမည်။ နယ်မှုညီအစ်ကိုတို့၏ မေးမြန်းစုံစမ်းချက်တို့ကို တစ်ဦးချင်း မပြန်ကြားနိုင်သဖြင့် ယင်းကို ကျွန်တော်တို့ ယခု လှုပ်ရှားမှုကြီး၏ ပျက်စီးရာ ပျက်စီးကြောင်း တင်ကြို၍ဖော်ပြသော မကောင်းနိမိတ်ဖြစ်သည်ဟု မယူဆစေလိုပါ။

ကျွန်တော်တို့အပေါ်၌ မလိုတမာအရှိဆုံးပုဂ္ဂိုလ်တို့ကို ရှင်းလင်းပြောပြလိုသော အချက်တစ်ခုရှိပါသေးသည်။ "ရန်ကုန်ဂျာနယ်ဂေဇက်"၏ ဆောင်းပါးရှင်တစ်ဦးက မိမိကိုယ်တိုင် ယုဒသန်ကောလိပ်ကျောင်းသားဖြစ်၍ ကိုယ်တိုင်သိသောသူအဖြစ်ဖြင့်၊ ယုဒသန်ကောလိပ်၏ အကျိုးဆောင်ငွေထိန်း အကြောင်းကို ပုတ်ခတ်ပြောဆိုပြီးနောက် ယခုသပိတ်မှောက်လှုပ်ရှားမှုကြီးကို ကံမလိုက်သော တစ်ကိုယ်ကောင်းဆန်သည့် ကျောင်းသားတို့ ခေါင်းဆောင်လျက်ရှိသည်ဟု အထောက်အထား အခိုင်အမာမရှိပါဘဲလျက်မှန်း ဆချက်မျှဖြင့်ပင် မှတ်ချက်ရေးသားထားပါသည်။ ကျွန်တော်တို့အနေဖြင့် မည်သူသည်မည်သို့ တော်ကြောင်းကတ်တလောက်သဖွယ် ဖော်ထုတ်လို စိတ် မရှိပါသောကြောင့် အခြေအနေမှန်ကို သိလိုစိတ်ရှိသော မည်သူမဆို (မိမိစိတ်ကြိုက်အတိုင်း) လျှို့ဝှက်၍ဖြစ်စေ၊ ချိန်းဆို၍ဖြစ်စေ၊ ကျွန်တော်တို့၏ စခန်းသို့လာရောက်စစ်ဆေးနိုင်ကြောင်း ဖိတ်ခေါ်လိုက်ပါသည်။

❐

mgyoe.com

mgyoe.com

# (၁၂) နောက်ဆုံးကျန်သည့်ဆိုင်းကြိုး

## ၂၀၊ ဒီဇင်ဘာ၊ ၁၉၂၀။

ဘင်္ဂလား၌ မုန်တိုင်းသဖွယ် ခွဲမထားရေး လှုံ့ဆော်ကြစဉ်က စိတ်လှုပ်ရှားလျက်ရှိသော အင်္ဂလိပ်တို့သည် "ကဲလှုပ်နိုင်သေးလား၊ စစ်မိန့်ကွ"ဟု ပြောသည်ကို ကြားဖူး၏ "ကောလာဟလနှိမ်ချင်သူ" ဟူသော ကလောင်အမည်ဖြင့် ဆောင်းပါး ရေးသူတစ်ဦးသည်လည်း ဤအဆင့်မျိုးသို့ ဆိုက်ရောက်လာပုံကို ယခုလ ၁၈ ရက် ထုတ် ရန်ဂွန်းဂေဇက်တွင် ဆောင်းပါးတစ်ခု၌ တွေ့ရသည်။ ဆောင်းပါးရှင်က ကြိမ်ဒဏ်ပေးဥပဒေ၏ ကြောက်မက်ဖွယ်ကို ဖော်ပြရေးသားလိုက်ပါသည်။ "အမြီးကိုးချောင်းနှင့်ကြောင်"နည်းဖြင့် စစ်တပ်၌ အပြစ်ပေးပုံကို ကျွန်တော်တို့ သိပါသည်။ ထိုနည်းကို အညံ့ဖျင်းဆုံးလူ့အဖွဲ့ အစည်းမှ စစ်သားအဖြစ် ကောက်ယူခဲ့သူ၏ အရိုင်းစိတ်တို့ကို ချိုးနှိမ်ရန် သုံးသောနည်းဖြစ်၍ စစ်တပ်မှာပင် ရက်စက်လွန်းသည်ဟု ထိုနည်းကို ဆက်လက်မသုံးဘဲထားပါသည်။ တစ်ဖန် ပန်ဂျပ်တွင် စစ်မိန့်ကာလအတွင်း၌ ကြိမ်ဒဏ်ကို အဆုတ်အဆိုင်းမရှိ ရက်ရက်ရောရော သုံးပြန်သည်။ သို့သော် အဆင့်အမြင့်ဆုံးခုံရုံးက စကားလုံးရှင်းရှင်းဖြင့် ယင်းဒဏ်မျိုးကို နောက်ထပ်မသုံးရန်ပယ်ကြောင်း အမိန့်ထုတ်ခဲ့ပါသည်။ မစ္စတာ မွန်တေဂူကလည်း သူ့အာဏာဖြင့် ထပ်ဆင့်၍ အတည်ပြုခဲ့ပါသည်။

သို့သော် ယခုအခါ ယဉ်ကျေးဖွယ်ရာသည် လူစရိုက်အားလုံးကို ဖိဆန်လျက် "ကောလာဟလနှိမ်ချင်သူ"က ကျွန်တော်တို့ရှေ့မှောက်တွင် ကြိမ်တရှမ်းရှမ်း ရိုက်ပြနေပါပြီ။ သပိတ်မှောက်ကျောင်းသားတို့ကို ဤမျှဟိတ်ဟန်ဖြင့် တကယ်ကြောက်သွားအောင် ခြောက်နိုင်လိမ့်မည်ဟု သူအမှန်မျှော်လင့်သော

mgyoe.com

mgyoe.com
ကြောင့် ဖြစ်လေမည်လောမသိနိုင်ပါ။ ယင်းသို့ဖြစ်မူ "ကောလာဟာလ နှိမ်ချင်သူ" သည် အတွေးမှားဖြင့် ကျေနပ်နေရုံမျှသာ ရှိမည်။ မြန်မာ့သတ္တိကို သူအထင်မှားဟန်တူ၏။ ကြင်နာတတ်၍ ဧည့်ဝတ်ကျေသော မြန်မာကို ကြာပွတ်သံကြားရုံမျှဖြင့် ထွက်ပြေးတတ်သော သတ္တိကြောင်သူဟု ထင်မည်။ အမိအဘတို့ကိုလည်း သားသမီးများကို ပြန်ခေါ်ထားကြဟုသူက ခြောက်လှန့်လိုက်ပါသေးသည်။ ယင်းထက်မှားသော သတင်းစကားမရှိနိုင်။

လက်ဦးမဆွကပင် အကြမ်းမဖက်ရေးကို ကျွန်တော်တို့ ဟောပြောခဲ့၏။ ယခုအထိလည်း ဟောပြောထားသည့်အတိုင်း မဖောက်မပြန် လိုက်နာကြပါသည်။ ခြောက်လှန့်ခြင်း၊ အကြမ်းဖက်ခြင်းများ သပိတ်မှောက်ကျောင်းသားတို့စခန်းများ၌ရှိသည်ဟု ကောလာဟာလ လွှင့်သည်မှာ အင်္ဂလိပ် သတင်းစာတို့ကပင် ဖြစ်၍ ဤသို့ပြောဆိုပါမှ အပြစ်ဟူသမျှ ကျွန်တော်တို့ အပေါ်တွင် ကျရောက်လျက် အစိုးရကိုလည်း အလျှင်အမြန်ဖိနှိပ်ခြင်း နည်းမျိုးစုံရန် တိုက်တွန်းနှိုးဆော်နေခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့၏ မခံချင်စိတ်ကို နှိုးဆွနည်းအဖြစ် သုံးသည်လည်းဖြစ်မည်။ ကောလာဟာလ နှိမ်ချင်သူသည် အကောက်ဉာဏ်ဖြင့် ကျွန်တော်တို့၏ စိတ်ရိုင်းကိုဆွ၍ လူငယ်ပီပီ မိုက်ရိုင်းရမ်းကားသော အပြုအမူကြမ်းတို့ကို ကျွန်တော်တို့ လုပ်အောင် တမင်ပြောခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော် သပိတ်မှောက် ကျောင်းသားတို့သည် အကြမ်းမဖက်ရေး၏ အကျိုးကျေးဇူးတို့ကို ကောင်းစွာ နားလည်ကြလျက် မာန်မာနကို ထိန်းနိုင်သူများဖြစ်ကြသဖြင့် ဤမျှ အပေါစားဆန်သော ဖြားယောင်းခြင်းဖြင့် ယောင်ယောင်မှားမှား ပြုလုပ်မည့်သူများ မဟုတ်ချေ။ အလွန်မြင့်မားသော ပန်းတိုင်ရှိနေ ကြပြီဖြစ်၍ ပြည့်ဝပြီးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဗြိတိသျှတို့၌ လမ်းမှန်စရိုက်နှင့် တစ်ဖက်သားကို မတရားအနိုင်ယူလိုခြင်း စိတ်မရှိကြောင်း၊ သိက္ခာကို ကြိုးများများဖြင့်ဆိုင်း၍ အမြင့်ကို ဆွဲတင်ထားခဲ့ရာ အပြောနှင့် အလုပ်မညီတိုင်း ကြိုးတစ်ချောင်းစီပြတ်ခဲ့ပြီးနောက် ယခု "ကောလာဟာလနှိမ်ချင်သူ"နှင့် အလားတူ စာရေးဆရာတို့ကြောင့် နောက်ဆုံးကျန်သည့် ဆိုင်းကြိုးပင် ပြတ်၍ကျသွားပါပြီ။

❒

mgyoe.com

mgyoe.com

# (၁၃) သပိတ်မှောက်ကျောင်းသားအားလုံး၏ အစည်းအဝေးကြီး၌ ဉက္ကဋ္ဌ၏တက်ကြွဖွယ်မိန့်ခွန်း

**၂၄၊ ဒီဇင်ဘာ၊ ၁၉၂၀။**

သပိတ်မှောက်ကျောင်းသားအားလုံး၏ အစည်းအဝေးပွဲကြီးကို ဦးဖေ KSM (ကျက်သရေဆောင်ရွှေစလွယ်ရမင်း) သဘာပတိမှူလျက် ၂၀၊ ဒီဇင်ဘာ၊ ၁၉၂၀ တနင်္လာနေ့က ဗဟန်းတွင် ကျင်းပရာ တက္ကသိုလ်သပိတ်မှောက် ကျောင်းသားတို့၏ ဉက္ကဋ္ဌမောင်ဘဦးသည် မကြာခဏ လက်ခုပ်ဩဘာ ပေးခြင်းခံရသော အောက်ပါတက်ကြွဖွယ် မိန့်ခွန်းများကို ဟောပြောသည်။

## သဘာပတိနှင့် သပိတ်မှောက်ညီအစ်ကိုများ၊ နှမများ ခင်ဗျား

ဆီးနိတ်က ကျွန်တော်တို့ကို စောင့်ရန် ချိန်းသည့်ရက် ရောက်လုနီးပါပြီ။ ၂၃၊ ဒီဇင်ဘာ၊ ၁၉၂၀ တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ ကျောင်းသားဟူသည် မည်သည့် အမျိုးအစားဖြစ်သည်ဟု ကမ္ဘာကသိကြရတော့မည် ဖြစ်ပါသည်။ ထိုအရေးပါသောနေ့တွင် ကျွန်တော်တို့အတွက် မြန်မာကဂုဏ်ယူစရာ ဖြစ်မည်လော၊ ရှုံ့ရှာဖွယ်ဖြစ်မည်လောဟု အဆုံးအဖြတ်ပေးခြင်းကိုလည်း ခံကြရပါတော့မည်။ နှစ်ဖက်လိုလားဖွယ်မရှိသော ဤရန်ကုန် တက္ကသိုလ်ကို ကျွန်တော်တို့အား အတင်းထိုးပေးလာခြင်းဖြင့် ကျွန်တော်တို့မှာ စိတ်နာကြည်းခြင်းဖြစ်ရသည့် အပြင် တစ်မျိုးသားလုံး အစော်ကားခံရလေပြီဟု အသိစိတ်နိုးကြားခြင်း၊ ထို့ထက်ပင် ပို၍ဤကိစ္စသည် တစ်ဖက်မှ ပြစ်မှုတစ်ခုကျူးလွန်ခြင်းစစ်စစ်ဖြစ်သည်။ အဘယ်

mgyoe.com

mgyoe.com

ပြစ်မှုနည်းဟုမူ တစ်နိုင်ငံလုံး၏ ပညာရေးတိုးတက်မှုကို နှေးသွားအောင်လုပ်ခြင်း ဖြစ်ပါသည်။ ယင်းသို့ မတရားပြုမူခြင်းခံရပါလျှင် မျိုးချစ်စိတ်ဟူ၍ အငွေ့ အသက်မျှသာ ကျန်ရှိတော့သော လူမျိုးပင်လျှင် မခံမရပ်နိုင်ဖြစ်၍ တိုက်ပွဲဝင် မည်သာဖြစ်ပါသည်။ လူကြီးများက ဤအရေးပုံမပေါ်ရလေအောင် စွမ်းသမျှ ကြိုးပမ်း၍ တားကြပါသည်၊ မအောင်မြင်ပါ။ ထိုအခါတွင်မှ ကျွန်တော်တို့ မြန်မာ နိုင်ငံ၏ ကောလိပ်ကျောင်းသားတို့သည် နိုင်မည်ဟူသော အဓိဋ္ဌာန် မြဲမြဲဖြင့် တိုက်ပွဲဝင်လာကြပါသည်။ မတရားမှုကို ကျွန်တော်တို့မှာရော မခံစားကြရပါဘူး လား။ ("ခံရတာပဲ") ခံရပါသည်။ ထို့ကြောင့် ခံစားချက်မှ ဆင်းသက်ပေါ်ပေါက် သည့် ကိစ္စကား ယခုသပိတ်မှောက် လှုပ်ရှားမှုပင် ဖြစ်တော့သည်။ ကျွန်တော်တို့ သာမက ညီငယ်များ ဖြစ်ကြသည့် ကျောင်းသားတို့လည်း မတရားမှုကို ထိတွေ့ ခံစားကြရ ပါသည်။ မတရားမှုကြီး ("ရှက်ဖွယ်" အော်သံ)ကို နိုင်ငံက သားသမီး ကြီးငယ်အားလုံးကို တစ်ပေါင်းတည်းရပ်တည်၍ တိုက်ကြရန် ခေါ်လျက်ရှိ ကြောင်း သူတို့လည်း သိပါသည်။ နိုင်ငံ၏ခေါ်သံ (အမျိုးသားအသံ)ကို သူတို့ သွက်သွက်ထူး၍ ထွက်လာကြပါသည်။

ကျွန်တော်တို့ လုပ်ပုံမှာ မြန်ဆန်လွန်းသည်ဟု အချို့က အယူရှိသော် လည်း မြန်မာတစ်မျိုးသားလုံးက သစ္စာတရားထက်ထက်၊ မြန်မြန်သွက်သွက် ထောက်ပံ့ကူညီခြင်းက ထိုအယူကိုချေပပေးလျက်ရှိကြောင်း တွေ့ရပါသည်။ အခု ကုန်ခဲ့တဲ့ သီတင်းတစ်ပတ် တစ်ပတ်ကျော်မှာ ကျွန်တော်တို့ ဘာတွေစား နေကြသလဲလို့ သိချင်ကြမည်။ ရန်ကုန်မြို့တော်သူအများ၏ ပေးစာကမ်းစာ မဟုတ်လား။ ဤသည်ပင်လျှင် ကျွန်တော်တို့အပေါ်၌ ကြင်နာခြင်း အပြည့်ရှိ သည်ကို ပြနေသည်မဟုတ်လား။ ကျွန်တော်တို့ ပြုမူဆောင်ရွက်ချက် တရား နည်းလမ်းကျသည်ဟု ဖွင့်ထုတ်ပြောဆိုသည်ဟုပင် ယူဆရန် ရှိသည်မဟုတ်ပါ လား။ နေ့စဉ်နှင့်အမျှ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းခြင်းကို ရရှိနေခြင်း သည်ပင် ကျွန်တော်တို့ ဆောင်ရွက်ချက်သည် မှန်ကန်၍ မြတ်နိုးဖွယ်ဖြစ်သည် ဟု ခိုင်လုံသောသက်သေပြ နေခြင်းပင်ဖြစ်သည် မဟုတ်ပါလား။ ခင်ဗျားတို့ အထဲမှာ ကောလိပ်က ထွက်ခဲ့ရသဖြင့် ဝမ်းနည်းနေသူရှိပါသလား။ ("မရှိ" အော်သံ) မရှိလို့ပဲ ကျွန်တော် သိပါတယ်။ ရှိစမ်းပါစေ ရှိတဲ့လူက ကောလိပ်ပြန် သွားဆက်နေ။ ကျွန်ပညာသာရမည်။ တစ်သက်လုံး ကျွန်သာလျှင်ဖြစ်မည်။ ပြန်ချင် သူရှိလျှင်သူကိုမှတ်ထားပါ။ သူကိုရှောင်ကြဉ်ပါ။ ကျွန်တော်တို့နှင့် ပေါင်း သင်းထိုက်သူ မဟုတ်ပါ။ သူသည် သတ္တိနည်းသော သစ္စာဖောက်ဖြစ်သည်။

mgyoe.com

mgyoe.com

ယခု အခါတစ်နိုင်ငံလုံးက ကျွန်တော်တို့ အရေးကိုကူညီကြသည်။ ဘုရားရင်ပြင်၌ မနေ့က အစည်းအဝေးလုပ်ကြသောအခါ မြန်မာနိုင်ငံ၏ အမျိုးသားတက္ကသိုလ်တစ်ခုတည်ထောင်ရန် ဆုံးဖြတ်ကြသည်။ ငွေကျပ်ခြောက်သိန်းခန့်ရှိသော ရန်ပုံငွေကို တစ်ထိုင်တည်းအာမခံကြသည်။ ဆက်၍လည်းရဦးမည်။ အမျိုးသားတက္ကသိုလ် ထူထောင်ဖြစ်ရန် အချိန်မဝေးလှပြီဟု ကျွန်တော်ပြောလျှင် အကဲအပိုပြောရာ မရောက်ပါ။ ဤသို့ တက္ကသိုလ် ထူထောင်ဖြစ်ပါလျှင် ကျွန်တော်တို့ လှုပ်ရှားမှုတွင် ထက်ဝက်တစ်ပိုင်း အောင်ပြီဟု ဆိုရချေမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ လုပ်ငန်းစဉ်မှာ လမ်းနှစ်သွယ်ချထားသည်ဖြစ်ရာ တစ်လမ်းမှာ အာဏာပိုင်များထံမှ တောင်းဆိုချက်များဖြစ်၍တောင်းသမျှရလျှင် အောင်ပွဲထက်ဝက်ဖြစ်မည်။ အခြားတစ်လမ်းမှာ အာဏာပိုင်များကို ကျွန်တော်တို့က အတိအလင်းပြောထားပြီးဖြစ်သော အကြောင်းပင်ဖြစ်၍ ယင်းမှာ ကျွန်တော်တို့၏ လိုလားချက်တို့ကို ကျွန်တော်တို့ စိတ်ကြိုက်ရောက်အောင် လုပ်၍မပေးမချင်း ကောလိပ်သို့ ပြန်မသွားဟူသော အချက်ပင်ဖြစ်ပါသည်။ ခင်ဗျားတို့ အားလုံး၏ ခံစားချက်ကို ကျွန်တော်က အခုဖွင့်ထုတ် ပြောပြနေခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

ဤသို့ဖြစ်ပါမူ မေးရန်မေးခွန်းတစ်ခုရှိ၏။ အာဏာပိုင်များသည် ကျွန်တော်တို့ အလိုရှိသည်ကို ပေးပါမည်လား။ မြန်မာနိုင်ငံသားတို့ လိုချင်သည့်ကိစ္စကို ဗျူရိုကရေစီက ပေးဖူးပါ၏လား၊ မပေးပါ။ ယခင်ကလည်းမပေး၊ နောင်လည်း မည်သည့်အခါမျှ ပေးမည်မဟုတ်။ သူတို့က ကျွန်တော်တို့ကို ခေါင်းပူနေသည့် လူ့အန္တများဖြစ်သည်၊ မည်သည့်ခံစားချက်မျှ မရှိနိုင်သော သက်မဲ့သစ်တုံးဖြစ်သည်ဟု ထင်ဟန်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အခြားအခြားသော လူမျိုးများနည်းတူ မြတ်နိုးဖွယ် စိတ်အလိုဆန္ဒ ခံစားမှုရှိသော လူသတ္တဝါများဖြစ်ကြောင်း သူတို့သိအောင် ပြကြရမည်။ ကျွန်တော်တို့၏ ဆန္ဒကိုအနည်းငယ်မျှ အရေးယူ ဂရုပြုခြင်း မရှိပါဘဲလျက် ၂၃ ရက်နောက်ဆုံးထား၍ ကျောင်းပြန်မတက်လျှင် ကောလိပ်ကထုတ်ပစ် မည်ဟူ၍ပင် ခြောက်လုံးလှန့်လုံးဖြင့် စော်ကားကြပါသေးသည်။ အားပါးတရ ရယ်ချင်သည်။ "ရန်ကုန်တက္ကသိုလ်"ကပေးသော သုံးမရသည့် အပေါစား ဒီဂရီကို သုံးရတော့မည်။ အလွန်ကြောက်စရာဖြစ်ပါပေသည်။ ခင်ဗျားတို့ ကြောက်သလား။ ယခုပြောဆဲ နှလုံးသွေးရပ်သည်အထိ ကြောက်စိတ်ဖြစ်သူများ ခင်ဗျားတို့ ဝန်းကျင်မှာရှိပါသလား။ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ တို့ ခင်ဗျား။ ယခုအထိ သတ္တိမြဲမြဲ အဓိဋ္ဌာန်စွဲစွဲနှင့် ကျွန်တော်တို့

mgyoe.com

mgyoe.com

အတူ တန့်ရပ်နေခဲ့ကြပါသည်။ တစ်မျိုးသားလုံးက ကျွန်တော်တို့ဝန်းကျင်မှာ လာ၍ ကူညီသည်။ အောင်ပွဲရလုဆဲဆဲ ယခုအချိန်ကလေးတွင် ကျွန်တော်တို့ သတ္တိကြောင်သွားပါလျှင် သားချင်းတို့ခင်ဗျား၊ ကျွန်တော်တို့နှင့် မြန်မာ ပြည်သူ ပြည်သားတွေပါ ထာဝရ အရှက်ရချေမည်။ ဤကဲ့သို့အဖြစ်မခံနိုင်။ အောင်ရမည် ဟု အဓိဋ္ဌာန်ရှိသည်။ မုချအောင်မည်။ ကျွန်တော်တို့ကို သူတို့ စီမံသလို ခိုင်းသလို ကပြအသုံးတော်ခံမည့် ရုပ်သေးရုပ်များဟု ထင်သည်။ သူတို့ထင်သလိုမဟုတ် ကြောင်း အာဏာပိုင်တွေသာမက ကမ္ဘာကပါသိအောင် ပြကြရမည်။ ကျွန်တော် တို့သည် ကိုယ့်သိက္ခာ ကိုယ်ရှိသေကြလျက် ကိုယ့်နိုင်ငံအတွက် လိုအပ်ပါလျှင် အသက်ကိုပင် နှင်းအပ်မည့် ကျောင်းသားများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ကို သူတို့ကြိုက်သလို ဆက်ဆံ၍ရသည်ဟု ထင်ကြသည်။ ခင်ဗျားတို့က ခံနေမှာ လား။ မခံဘူး။ ကျွန်တော့်အထင်မှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ယခု လှုပ်ရှားမှုမှာ ကျွန်တော်တို့က ကိုယ်ကျိုးစွန့်၍ ရှေ့ဆောင်တဲ့အခါ အထက်တန်း ကျောင်းက ညီငယ်တွေက နမူနာယူလျက် မြန်မာနိုင်ငံတလွှားရှိသမျှ အံ့ရ လောက်အောင် တစ်မုဟုတ်ချင်း ကျောင်းသပိတ်မှောက်ကြတဲ့အခါ ကျွန်တော် တို့ဟာ မဟုတ်မခံပါကလားလို့ သူတို့သိသွားပြီ။ ကမ္ဘာကလည်း သိသွားကြပါပြီ။ ကျွန်တော်တို့၏ တောင်းဆိုချက်များသည် တရားနည်း လမ်းကျကြောင်း သိလေ အောင်လုပ်ရန် သူတို့ရှိသေမည့် နည်းတစ်နည်း သာရှိသဖြင့် ယင်းနည်းကိုသုံး၍ ကောလိပ်ကျောင်းနေ ကိုယ့်သိက္ခာကိုယ် ထိန်းလိုစိတ်ရှိသော ကျောင်းသားများ က သပိတ်မှောက်ခဲ့ရပါတယ်။ သို့သော် ယခုတိုင် သူတို့ထဲမှ ငြိမ်းချောက်စကား မှ တစ်ပါးအခြား မည်သည့် အဖြေမျှ ထွက်မလာချေ။ ယနေ့ ရန်ကုန်ဂဇက်တွင် ကျွန်တော်တို့ ပြောသမျှတွေကို အားလုံးမထိမဲ့မြင်ပြုလျက် "တက္ကသိုလ် ကျောင်းသားတိုင်းမှာ လက်ငင်းမကျေနပ်ချက်ဟူ၍ စိုးစဉ်းမျှမရှိပါ"ဟု ရေးထား သည်ကို ကျွန်တော် ဖတ်ခဲ့ရပါသည်။ ဤအချက်ကို ကျွန်တော်တို့ မသိဘဲများ ရှိလေမလား။ သူတစ်ပါးအတွက် လုပ်ကြသည် မဟုတ်ပါလား။ ကိုယ့်အတွက် များ ပါနေသေးသလား။ ကျွန်တော်တို့ အနစ်နာခံကြသည်မှာ အစဉ်အလာ နောင်လာနောက်သားအတွက်ဟူ၍ ကျွန်တော်တို့ အားလုံး ရှင်းရှင်းလင်းလင်း သိကြပြီး မဟုတ်ပါလား။ သို့သော် ကျွန်တော်တို့က အလွန်မှန်မြတ်တဲ့ ကိစ္စ အနေဖြင့် ဤအချက်ကို ရှေ့တန်းတင် ဆောင်ရွက်ပါလျက် သူတို့က မသိချင်ပြု ထားပါသည်။ ဤသို့ဖြစ်မှု ရှိစေတော့၊ အဘယ့်ကြောင့် ဤသို့လုပ်သနည်း။ ကျွန်တော်တို့တွင် အဓိဋ္ဌာန်ပြုခြင်းနှင့် ကိုယ်ကျိုးစွန့်ခြင်းတည်းဟူသော မှန်မြတ်

mgyoe.com

mgyoe.com

သည့် စရိုက်ရှိသည်။ ယင်းစရိုက်အတိုင်း လုပ်နိုင်သည်ဟု မထင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း အဆိုပါအရည်အသွေးများ ကျွန်တော်တို့မှာရှိကြောင်း ပြရန်လိုသည် မဟုတ်ပါလား။

ထိုမှတစ်ပါး ကျွန်တော်တို့ လှုပ်ရှားမှုသည် မည်မျှကျယ်ပြန့်သွားပါသနည်းဟု အသေအချာ စစ်ဆေးလျှင် ချက်ချင်းပင် ပုသိမ်၌ ကျောင်းသား ၄၀၀ ကျော်ကို ကျောင်းမှ ထုတ်ပစ်ခံရကြောင်း တွေ့ရပါလိမ့်မည်။ အဘယ့်ကြောင့် ဤသို့နစ်နာကြရပါသနည်း။ ကျွန်တော်တို့၏ မြတ်နိုးဖွယ်ဖြစ်သော ဆောင်ရွက်ချက်ကို မြတ်နိုးဖွယ်စံပြုလျက် လိုက်နာဆောင်ရွက်သော ကြောင့် မဟုတ်ပါလား။ သူတို့ဤမျှ အနစ်နာခံနိုင်ပါလျက် ကျွန်တော်တို့က ထို့ထက်ပင် ပို၍ ခံနိုင်စရာရှိသည်။ ဤအခြေဆိုက်ခါမှ ကျွန်တော်တို့ နောက်တွန့်ပါလျှင် မည်သည့်သတ္တဝါများအဖြစ်ကို ရောက်မည်ထင်ပါသနည်း။ ယခုနစ်နာဆဲ ကလေးများ၊ ကျိန်ဆဲခြင်းကို ခံကြရသော သတ္တဝါ များ၊ ကလေးများ၏ မိဘ၊ ၎င်းတို့၏ မိတ်ဆွေများ ဆဲခြင်းခံကြရသော သတ္တဝါများ၊ မြန်မာနိုင်ငံ၏ လေလွင့်ဆိုးသွမ်း လူငယ်များဖြစ်ကြရ တော့မည်။ ရိုးဖြောင့်သောသူ၊ ဂုဏ်သရေရှိသော သူတို့က· ကျွန်တော်တို့ကို သရော်လှောင်ပြောင်၍ပြစ်တင်မောင်းမဲခြင်းကို ခံကြရတော့မည်။ ရိုးဖြောင့်သူမှန်လျှင် ကျွန်တော်တို့နှင့် မပေါင်းလို။ ကျွန်တော်တို့ကား ရွံရှာဖွယ်ကောင်းသော သတ္တဝါများအဖြစ်သို့ ရောက်ပေမည်။ ကျွန်တော်တို့၏ အရေးပုံသည် ပြိုကွဲလျက် မြန်မာနိုင်ငံ၏ ဂုဏ်သတင်းလည်း အလွန်နိမ့်သော အဆင့်သို့ လျှောကျရာ၌ ကျွန်တော်တို့က တရားခံဖြစ်မည်။ မြန်မာနိုင်ငံ၊ မြန်မာ အမျိုးသားတို့ ပျက်စီးလျက် မည်သည့်အခါမျှ နာလန်ထူနိုင်တော့မည် မဟုတ်ချေ။

နောက်ပြန်လှည့်ရန်မည်သို့လျှင် ဖြစ်နိုင်ပါတော့မည်နည်း။ အာဏာပိုင်တို့က ပေးလျှင်ပေး။ သို့မဟုတ် ကျွန်တော်တို့ တိုက်ရင်းအသေခံ။ ခင်ဗျားတို့ မျက်နှာထားတွေကို မြင်နေရပုံကတော့ ဆုံးခန်းတိုင် တိုက်မယ့်မာန်ရှိတယ်လို့ ကျွန်တော် သိပါတယ်။ ဤအတိုင်း သံဓိဋ္ဌာန်ပြုပြီး မဟုတ်လားခင်ဗျား။ (ဟုတ်ကဲ့၊ အော်သံများ)။ ဤသို့ဖြစ်မူ အတူယှဉ်တွဲလျက် အတူအောင်ပွဲခံကြပါ။ တက္ကသိုလ်ဥပဒေ ပျက်စီးပါစေ။

သားချင်းတို့ခင်ဗျား။ မြန်မာနိုင်ငံရာဇဝင်မှာ မည်သည့်အမှုမျှ ယခုကဲ့သို့ လှိုက်လှိုက်လှဲလှဲ အားပေးလျက် ရက်ရက်ရောရော ထောက်ပံ့ခြင်းကို မခံခဲ့ရဖူးကြောင်း မှတ်ထားကြပါ။ အောင်ပွဲရရန် တစ်နှစ်ခန့်စောင့်ဆိုင်းရဦးမည် မဟုတ်

mgyoe.com

mgyoe.com

ပါလား။ မအောင့်နိုင်ကြတော့ဘူးလား။ စောင့်မည်ဟု ဆုံးဖြတ်ထားကြသည် မဟုတ်ပါလား။ ("ဟုတ်ကဲ့" အော်သံများ)။

နောက်ဆုံး စကားတစ်ခွန်း ပြောလိုပါသေးသည်။ ကိုယ့်မိဘက လာ၍ ချော့ သည်တိုင်အောင် အညံ့မခံရဟု မှာထားချင်ပါသည်။ ကျွန်တော်တို့၏ မိဘများမှာ (အတိုင်းအဆအနေနှင့် ပြောပါလျှင်) ကျွန်တော်တို့တွင် ရှိသော သတ္တိထက် ပိုသောသတ္တိရှိပါသည်။ အကျိုးအကြောင်းယှဉ်လျက် လက်ခံနိုင် လောက်အောင် ဖြေရှင်းပြောပြလျှင် သူတို့လည်း ကျွန်တော်တို့တွေးခေါ်ဆောင် ရွက်ချက်နှင့် တစ်ထပ်တည်း ဖြစ်လာနိုင်ကြပါသည်။ ကိုယ့်ဘက်က မယိမ်းမယိုင် ခိုင်မာစေလျက် မိဘကိုပါကိုယ့်အမြင်မျိုး မြင်အောင်ဆောင်ရွက်ကြပါ။

သားချင်းများခင်ဗျား။ စိတ်ရောကိုယ်ပါ ပေါင်းစည်းကြဖို့၊ ကိုယ့်သိက္ခာ ကိုယ်ထိမ်းကာ ကိုယ်ကျိုးစွန့်ရဲခြင်း၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးခြင်း စသော အင်္ဂါတို့နှင့်ပြည့်စုံသည့် သားကောင်းသမီးကောင်းများရှိသည်ဟု ဂုဏ်ယူလျက် မြန်မာနိုင်ငံ ခေါင်းထောင်နိုင်သည်အထိ ကျွန်တော်တို့ ညီညွတ်ကြပါစို့။ ကျွန်တော်တို့ ဘာကြောင့်မျှ စိတ်ဓာတ်ကျဆင်းစရာမရှိပါ။ နောက်ဆုံးရက်ချိန်း ဖြစ်သော ၂၃ ရက်အထိ စိတ်အားတင်း၍ ထားကြပါစို့။ (ကျယ်လောင် ရှည်လျားသော သြဘာသံများ။)

❒

mgyoe.com

mgyoe.com

# (၁၄) သပိတ်မှောက်ကျောင်းသားများ ကောလိပ်များမှ နုတ်ထွက်ခြင်း

**၂၄၊ ဒီဇင်ဘာ၊ ၁၉၂၀။**

တက္ကသိုလ်အာဏာပိုင်တို့ထံ သွင်းစာပို့၍ တောင်းထားသော တောင်းဆိုချက်များမရလျှင် ကျောင်းပြန်မတက်တော့ပါဟု ဆုံးဖြတ်ကြောင်း ကြေညာသည်ဟု အာမခံကြသော ရန်ကုန်နှင့် ယုဒသန်ကောလိပ်များမှ ကျောင်းသားစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ သို့သော် ဝမ်းနည်းစရာ တွေ့ရသည်မှာ အာဏာပိုင်တို့သည် ယခုတိုင် သဘောထား တင်းမာလျက်ပင် ရှိသေးသည့်ပြင် ၂၃၊ ဒီဇင်ဘာ၊ ၁၉၂၀ ကိုပင် ကောလိပ် သို့ ကျောင်းသားများ ပြန်လာရန် နောက်ဆုံးရက်ဟု သတ်မှတ်ထား သည်ကို (မပြင်)ဟု ကြားသိရပါသည်။ မပြန်လာလျှင် မလာသူကို စာသင်နှစ် ကျန်သမျှကာလအတွက် ကျောင်းထုတ်ပစ်ခြင်းခံရမည်ဟု ဆိုလိုပါသည်။ အစိုးရသည် ကျွန်တော်တို့၏ နစ်နာချက်တို့ကိုလည်း မစုံစမ်း၊ ပြင်ဆင်လိုက်လျှောနိုင်လျှင် ပြင်ဆင်လိုက်လျှောရန်လည်း မကြိုးစားပါဘဲလျက် ယင်းသို့ သဘောထားသည်မှာ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါသည်။ ထို့ကြောင့် ဌာနချုပ်တွင် ၂၀၊ ဒီဇင်ဘာ၊ ၁၉၂၀ တနင်္လာနေ့ နံနက် ၁၀ နာရီခွဲတွင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း၊ အမှုထမ်း ကောင်းမင်း ဦးဖေကို သဘာပတိမှူးလျက် အစည်းအဝေးပြုလုပ်ရပါသည်။ အစိုးရသဘောထားအပေါ်၌ မနှစ်သက်သော လက္ခဏာကို ပြလိုသဖြင့် တစ်ထိုင်တည်းမှာပင် မိမိတို့ အမည်များကို ကျောင်းစာရင်းမှ ကိုယ့်ဖာသာ ထုတ်နုတ်လိုက်ကြမည်ဟု ဆုံးဖြတ်သည်။ အဆိုတင်သွင်းသူ၊ ထောက်ခံသူ များဖြင့်ဆုံးဖြတ်ခြင်း ဖြစ်ပါသည်။

mgyoe.com